


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# ယောဂီပုဂ္ဂိုလ်၏ အမြင်မှန် အယူလွဲမှာစိုးလို့ ပြင်ပေးတာပါ

၁၅၂

(တရားထိုင်သူများအတွက်)

ဟောကြားသည့်နေ့

၂ - ၁ - ၅၉

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# ယောဂီပုဂ္ဂိုလ်၏အမြင်မှန်

## အယူလွဲမှာစိုးလို့ပြင်ပေးတာပါ

ဟောကြားသောနေ့
(၂-၁-၁၉၅၉)

စာမူခွင့်ပြုချက် အမှတ် - ၅၁၆/၂၀၀၁ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၉၄/၂၀၀၁ (၈)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၁ ခုနှစ်၊ စက်တဘ်ာလ
တန်ဖိုး - ( ၅၀/- )

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားသော တရားတော်

# ယောဂီပုဂ္ဂိုလ်၏ အမြင်မှန်

## အယူလွဲမှာစိုးလို့ ပြင်ပေးတာပါ

(တရားထိုင်သူများအတွက်)

ဟောကြားသည့်နေ့ (၂-၁-၁၉၅၉)

လက်ရှိ ခန္ဓာကိုယ်ကြီးက ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာ၊ ဒု=ဆိုတာက ဘာတဲ့ . . (စက်ဆုပ်စရာပါဘုရား)၊ ခ=ဆိုတာက (အသုံးမကျတာပါဘုရား)၊ သစ္စာက . . . (အမှန်ပါဘုရား)။

ပေါင်းလိုက်တော့ ဘယ့်နှယ်ရပါတုံး . . . (စက်ဆုပ်စရာ၊ အသုံး မကျတာအမှန်ပါဘုရား)။

## အခွန်ဆက်နေရလို့

ဒါ ဘယ်သူ့ဆိုပါလိမ့်မတုံး . . . (ခန္ဓာကိုယ်ပါဘုရား) ခန္ဓာကိုယ်ကြီး ဆိုတာနော်၊ စက်ဆုပ်စရာဆိုတာက ဒကာ ဒကာမတွေ မှတ်စရာ က၊ ဒွါရ ခြောက်ပေါက်ကို ဘယ်အခါ ကာလမဆို အခွန်ဆက်နေရတာ မပြီးနိုင်တဲ့အတွက်၊ ပြီးနိုင်တဲ့ အလုပ်မျိုး ခန္ဓာကိုယ်ထဲမှာ ရှိပါရဲ့လား . . . (မရှိပါဘူးဘုရား)။

မျက်လုံးပေါက်က အခွန်ဆက်လို့ကော . . . (မပြီးနိုင် ပါဘူးဘုရား)၊ နားပေါက်ကို အခွန်ဆက်လို့ကော . . . (မပြီးနိုင် ပါဘူးဘုရား)၊ နှာခေါင်းပေါက်အခွန်ဆက်လို့ . . . (မပြီးပါဘူး ဘုရား)။

လျှာပေါက် အခွန်ဆက်လို့ . . . (မပြီးနိုင်ပါဘူးဘုရား)၊ ကိုယ်ပေါက် အခွန်ဆက်လို့ . . . (မပြီးနိုင်ပါဘူးဘုရား)၊ မနောပေါက် . . . (မပြီးပါဘူးဘုရား)။

## ခန္ဓာ့အလုပ်ဟာဘာပါလိမ့်

ဒါဖြင့် မပြီးတဲ့ အလုပ်ကို လုပ်နေရသောကြောင့် ခန္ဓာ့အလုပ်ဟာ ဘာပါလိမ့် . . . (စက်ဆုပ်စရာပါဘုရား)၊ စက်ဆုပ်စရာ ရှင်းကြလား . . . (ရှင်းပါပြီဘုရား)။

မပြီးတဲ့ အလုပ် လုပ်နေရတဲ့အတွက် ဘာပါလိမ့် . . . (စက်ဆုပ် စရာပါဘုရား)၊ ရှင်းပြီ၊ စက်ဆုပ်စရာဆိုတာ ပေါ်ကြ ပလား . . . (ပေါ်ပါပြီ ဘုရား)။

ကောင်းပြီ၊ ဒါ စက်ဆုပ်စရာမို့ စက်ဆုပ်ရမှာပဲ၊ ခ=ဆို တာက ဘာတဲ့ . . (အသုံးမကျတာပါဘုရား)၊ အသုံးမကျတာ၊ ခန္ဓာကိုယ်ကြီးက တင့်တယ် တယ်လို့ ထင်ချင်တယ်၊ မတင့် တယ်တာ တွေ့ချည့်ပြနေတယ်။

ချမ်းသာတာ ထင်ချင်တယ် . . . (မချမ်းသာပါဘူး ဘုရား)၊ ခိုင်မြဲတယ်လို့ ထင်ချင်တယ် . . . (မခိုင်မြဲပါဘူးဘုရား)၊ အားကိုးစရာလို့ ထင်လျက်နဲ့ . . . (အားမကိုးရပါဘူးဘုရား)။

ဒါဖြင့် သူ့ ဘယ့်နှယ်ဆိုကြမယ် . . . (အသုံးမကျတာပါ ဘုရား)၊ ဩော် . . . အသုံးမကျဘူး၊ ဘယ်နေရာမှ အသုံးချလို့ မရဘူးဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် စက်ဆုပ်စရာ၊ အသုံးမကျတာ မှားသလား၊ မှန်သလားလို့ ကိုယ့်ဉာဏ်နဲ့ ဝေဖန်ကြည့် . . . (မှန်ပါတယ်ဘုရား)၊ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ကိုယ့်ဉာဏ်နဲ့ ဝေဖန်လိုက်တော့ ဘယ့်နှယ်ဖြစ်နေတုံး . . . (အမှန် ပါဘုရား)၊ ဩော်. ဒီလိုသိမှ သစ္စာသိပါလားလို့ မှတ်ထားကြပါ၊ ဘယ်အသိမျိုးမှ ပါလိမ့် . . . (ဒီလိုသိမှ သစ္စာ သိပါဘုရား)။

## ပုထုဇဉ်အသိနဲ့အရိယာအသိ

ဒါ ပုထုဇဉ်အသိ၊ အရိယာအသိလို့ နှစ်မျိုးခွဲပါဦး

. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)၊ ပုထုဇဉ်အသိ၊ အရိယာ အသိလို့ ဒကာ ဒကာမတွေ နှစ်မျိုးခွဲပါဦး။

ပုထုဇဉ်အသိက ဘာပါလိမ့်မလဲလို့ အကဲခတ်လို့ရှိရင်၊ ဆရာပြောတာ မှတ်ပြီးသကာလ၊ ဩော်. ဒီခန္ဓာကြီးက စက်ဆုပ်စရာ၊ အသုံးမကျတာ အမှန်ပဲ။

တစ်ခါတလေ ဩော်. စက်ဆုပ်စရာသာပြလို့ စက်ဆုပ်စရာသာ တွေ့ရ၊ အသုံးမကျတာပြလို့ အသုံးမကျတာတွေ့ရ၊ အဲဒီ အမှန်တွေတော့ တွေ့တော့ တွေ့ပါတယ်တဲ့။

## အနုဗောဓဉာဏ်

သို့သော်လည်း တကယ်တမ်း ဆရာပြောတာနဲ့ နားလည်မှုရှိလို့ တွေ့တဲ့အတွေ့ဟာ **အနုဗောဓ** သိလို့မှတ်လိုက်စမ်းပါ . . . (တင်ပါ့) နိဗ္ဗာန် မရောက်သေးဘူး။

ဘာအသိပါလိမ့် . . . (အနုဗောဓ အသိပါဘုရား)၊ နိဗ္ဗာန် ရောက်ပလား . . . (မရောက်သေးပါဘူးဘုရား)။

ဒါဖြင့် အနုဗောဓသိနဲ့ နိဗ္ဗာန်မရောက်လို့ရှိရင်ဖြင့် တပည့်တော်တို့ ဘယ်အသိတက်ရမှာတုံး မမေးထိုက်ဖူးလား . . . (မေးထိုက်ပါတယ် ဘုရား)။

ဘယ်အသိတက်ရမှာတုံးဆိုတဲ့ မေးခွန်းဟာ ထွက်လာပါတယ်၊ အဲတော့ ကိုယ်တိုင် အလုပ်ထိုင်ပါ၊ ဒကာ ဒကာမတို့ ဘာလုပ်ရမှာတုံး . . . (ကိုယ်တိုင် အလုပ်ထိုင်ရမှာပါဘုရား)။

ကိုယ်တိုင်အလုပ်ထိုင်တဲ့ အခါကျတော့ ဒု=ဆိုတာက လည်း စက်ဆုပ်စရာ၊ ခ=ဆိုတာက အသုံးမကျတာ၊ ကိုယ့်ဉာဏ်နဲ့ ကြည့်လိုက်တဲ့ အခါကျတော့ မှန်သွားရမယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒု=ဆိုတာကဘာတုံး . . . (စက်ဆုပ်စရာပါဘုရား) ခ=ဆိုတာက . . . (အသုံးမကျတာပါဘုရား)၊ ကိုယ့်ဉာဏ်နဲ့ ကြည့်လိုက်တော့ (အမှန်ပါဘုရား)။

## ပဋိဝေဓဉာဏ်

အဲဒါ **ပဋိဝေဓဉာဏ်**လို့ မှတ်လိုက်စမ်းပါ၊ ဒု=ဆိုတာက (စက်ဆုပ်စရာပါဘုရား)၊ ခ=ဆိုတာက . . . (အသုံးမကျတာပါဘုရား)၊ ကိုယ်ပိုင်ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ . . . (အမှန်ပါဘုရား)။

အဲဒါ ဘာဆိုကြမယ် . . . (ပဋိဝေဓပါဘုရား)၊ ပဋိဝေဓ အသိ ရှင်းကြ ပလား . . . (ရှင်းပါပြီဘုရား)၊ ဘာအသိပါလိမ့် . . . (ပဋိဝေဓ အသိပါ ဘုရား)။

ဩော်. ဒါဖြင့် သစ္စာသိကလည်း ဒီနှစ်မျိုးရှိပါလားလို့ မှတ်လိုက် စမ်းပါ၊ ဘယ်နှစ်မျိုးပါလိမ့် . . . (နှစ်မျိုးပါဘုရား)။

ဆရာပြောတာ အစဉ် လျှောက်သိတဲ့ အသိတစ်မျိုး၊ အလုပ်ထိုင်ပြီး သိတဲ့ အသိက (တစ်မျိုးပါဘုရား)၊ ဘယ်နှစ်မျိုး ပါလိမ့် . . . (နှစ်မျိုးပါဘုရား)။

## ပဋိဝေဓအသိမှကိစ္စပြီးမယ်

ဘယ်အသိမှသာလျှင် ဒကာ ဒကာမတို့ ကိစ္စပြီးမလဲ . . . (အလုပ် ထိုင်ပြီး သိတဲ့ အသိမှပါဘုရား)၊ အဲဒီအသိ ဘာအသိခေါ်တုံး ဘုရားက . . . (ပဋိဝေဓ အသိပါဘုရား)။

ကောင်းပြီ ဒါဖြင့် ပဋိဝေဓအသိဆိုတာဖြင့် ဒကာ ဒကာမတွေ ဘုန်းကြီးကလည်း ပေးလို့မရဘူး၊ ဘုရားကလည်း ပေးလို့မရဘူး (မှန်လှပါ)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဘုန်းကြီးကကော . . . (ပေးလို့မရပါဘူးဘုရား)၊ ဘုရားက (ပေးလို့ မရပါဘူးဘုရား)၊ ဘယ်အသိပါလိမ့် . . . (ပဋိဝေဓ အသိပါဘုရား)။

အဲ ဘုန်းကြီးပေးလို့ရတာ၊ ဘုရားပေးလို့ရတာက အနုဗောဓ အသိ၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဘုန်းကြီးပေးလို့ရတာ . . . (အနုဗောဓ အသိပါဘုရား)၊ ဘုရားပေး လို့ရတာ . . . (အနုဗောဓ အသိပါဘုရား)။

## သစ္စာနှစ်ပါးသိတာ အနုဗောဓအသိ

ဒါဖြင့် ဒကာ ဒကာမတို့ အဲ့ဒါက အနုဗောဓသိက ဒုက္ခနဲ့ သမုဒယလောက်ပဲ သိတာ၊ ဩော် . သမုဒယကြောင့် ဒုက္ခဖြစ်နေတဲ့ တရားပါလားလို့ သိတယ်၊ အနုဗောဓ သိက . . . (မှန်ပါ့)။

ပဋိဝေဓ အသိက လေးပါးစလုံးသိတယ် . . . (မှန်ပါ့)၊ အနုဗောဓ အသိက ဘာပါလိမ့် . . . (နှစ်ပါးသိပါတယ်ဘုရား)၊ နှစ်ပါးပဲ သိတယ်။

ဒုက္ခနဲ့ ဩော် . ဒုက္ခချုပ်ရင် နိရောမပဲလို့ မှန်းသိတယ်၊ ဒုက္ခသိနဲ့ နိရောဓအသိ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

အနုဗောဓ အသိက သစ္စာဘယ်နှစ်ပါးသိပါလိမ့် . . . (နှစ်ပါးသိပါ တယ်ဘုရား)၊ နှစ်ပါးပဲသိတယ်၊ နှစ်ပါးက ဘယ်သူ ဘယ်သူပါလိမ့် . . . (ဒုက္ခသိနဲ့ နိရောဓ အသိပါဘုရား)။

## ပဋိဝေဓက သစ္စာလေးပါသိတယ်

ဩော် .. ဒုက္ခချုပ်ရင်ဖြင့် နိဗ္ဗာန်ပဲလို့ အနုဗောဓအသိက ဒါပဲသိတယ်၊ သေချာမှတ်ပါ ဒကာ ဒကာမတို့၊ ပဋိဝေဓ အသိကတော့ ဒကာ ဒကာမတို့ လေးပါးစလုံး တစ်ပြိုင် နက်တည်း သိတယ် (မှန်ပါ့)၊ ရှင်းကြပလား . . . (ရှင်းပါပြီ ဘုရား)။

ပဋိဝေဓ အသိက ဘယ်လိုသိပါလိမ့် . . . (လေးပါး စလုံးတစ်ပြိုင်နက်တည်း သိပါတယ်ဘုရား)၊ တစ်ခါတည်း ဒုက္ခချုပ် နိဗ္ဗာန်ပေါ်၊ သမုဒယသေ၊ မဂ္ဂသစ္စာ ခန္ဓာကိုယ်ထဲက မြင်နေတာ။

အဲ့ဒါတွေ မြင်နေတဲ့အခါကျလို့ရှိရင်ဖြင့် ဩဇာ-ဒ္ဒိသည်ကားလို့ ဆိုရင်ဖြင့် အပါယ်လေးပါး တံခါးပိတ်ပေ့ါလို့ အသေအချာ မှတ်ပါ။

ဒါဖြင့် ဘယ်အသိကျမှ ကိစ္စပြီးမယ် . . . (ပဋိဝေဓအသိ ကျမှပါဘုရား)၊ နောက်က ဒကာမတွေ ဘယ်လိုပါလိမ့် . . . (ပဋိဝေဓ အသိရောက်မှပါဘုရား)။

ပဋိဝေဓ အသိရောက်မှ ကိစ္စပြီးမယ်၊ အနုဗောဓ အသိ ဆိုလို့ရှိရင် . . . (ကိစ္စ မပြီးသေးပါဘူးဘုရား)၊ သူက ဘယ်နှစ်ပါး သိတုံး (နှစ်ပါးပဲ သိပါတယ်ဘုရား)။

ဘာပါ ပါလိမ့် . . . (ဒုက္ခအသိနဲ့ နိရောဓ အသိပါ ဘုရား)၊ ဩဇာ် ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာ သိတယ်၊ ဩဇာ် . ဒုက္ခသစ္စာဆိုတာက ဒု=ဆိုတာ၏ အနက်ကိုလည်း သိတယ်၊ ခ=ဆိုတာ၏ အနက်ကိုကော . . . (သိပါတယ်ဘုရား)။

သူတို့ နှစ်ခုမရှိရင် . . . (နိရောဓပါဘုရား)၊ နိရောဓ ရှင်းပလား၊ ဒု=လည်း သိတယ်၊ ခ=လည်းသိတယ်၊ သူတို့ နှစ်ခုမရှိ ရင် ဘယ့်နှယ်ဆိုကြမယ် . . . (နိရောဓပါဘုရား)။

ယြော်-ဒါဖြင့် အဲ့ဒါက အနုဗောဓအသိ . . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊ ပဋိဝေဓ အသိကတော့ ဘာတဲ့ . . . (ကိုယ်ပိုင်အသိပါဘုရား)။

ဒါဖြင့် အနုဗောဓအသိက ဆရာပေးတဲ့အသိ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊ ပဋိဝေဓအသိက ဘာပါလိမ့် . . . (ကိုယ်ပိုင်အသိပါဘုရား)၊ ကိုယ်ပိုင် ဆုံးဖြတ်ချက်ချပြီး သိတဲ့ ပစ္စက္ခ အသိလို့မှတ်ပါ၊ သဘောကျပလား . . . (မှန်ပါ့)။

## ဘယ်လိုမြင်မှပဋိဝေဓအသိလဲ

ဒါဖြင့် ဒကာ ဒကာမတို့ ဒီအသိတွေကိုဖြင့် ရှင်းသွားပြီ၊ ရှင်းသွားတဲ့အခါကျတော့၊ တပည့်တော်တို့ ဝိပဿနာအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်မှာ၊ ဘယ်လိုမြင်မှသာလျှင် ပဋိဝေဓအသိ ရောက်မလဲ၊ တပည့်တော်တို့ ခန္ဓာကိုယ်တော့ ကြည့်တော့မှာပဲ။

ကြည့်တဲ့အခါကျလို့ရှိရင်ဖြင့် ဘယ်လိုမြင်မှ ပဋိဝေဓဖြစ်မယ်ဆိုတာကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ရယ်လို့ လေးမျိုးရှိတယ် . . . (မှန်ပါ့)။

ပစ္စုပဋ္ဌာန် ဆိုတာက ဒကာ ဒကာမတွေ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာကြည့်လိုက်တဲ့အခါကျတော့ ဒီလိုထင်မှ အမှန်ဆိုတာကို ဆုံးဖြတ်ချက် ချပေးမယ်၊ သဘောကျပလား။

## ပါကဋဒုက္ခဆိုတာ

ဘာ ဘယ်လိုချမှာပါလိမ့် . . . (ကိုယ့်ဉာဏ်ထဲထင်မှ)၊ ကိုယ့်ဉာဏ်ထဲမှာ ထင်တဲ့ထင်ပုံက နာလည်းဒုက္ခ၊ ယားလည်း ဒုက္ခ၊ စားမကောင်းတဲ့ ဒုက္ခမျိုး ထင်လို့မရဘူးတဲ့။

အဲတာ ပါကဋဒုက္ခတွေနော်၊ ပါကဋဒုက္ခဆိုတာ ဒကာ ဒကာမတို့ ထင်ရှားတဲ့ ဒုက္ခလို့ဆိုပါတယ်၊ အဲဒါ ဒီနေ့ဘယ်လို ပြရမှာတုံးလို့ မေးတဲ့အခါကျတော့၊ အပါကဋ ဒုက္ခတွေ ခင်ဗျား တို့ အလုပ်မလုပ်ခင်တုန်းက မသိရတဲ့၊ အလုပ်လုပ်မှ သိရတဲ့ ဒုက္ခကို ယနေ့ပြမယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## အပါကဋဒုက္ခဆိုတာ

အလုပ်မလုပ်ခင်တုန်းက သိတဲ့ဒုက္ခသည် ပါကဋဒုက္ခ၊ အလုပ်လုပ်မှ သိရမယ့်ဒုက္ခသည် အပါကဋဒုက္ခ၊ အဲ့ဒါသိမှ နေရာကျမယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်ဒုက္ခမြင်မှတုံး . . . (အပါကဋဒုက္ခ မြင်မှပါဘုရား)၊ ပါကဋ ဒုက္ခကတော့ လူလည်းသိတယ်၊ တိရစ္ဆာန်လည်း သိပါတယ်တဲ့။

အပါကဋ ဒုက္ခဆိုတော့ကို ဝိပဿနာယောဂီပုဂ္ဂိုလ်မှ သိနိုင်မယ်၊ တစ်ပါးသော ပုဂ္ဂိုလ်တို့ မသိနိုင်ဘူးဆိုတဲ့ဥစ္စာ၊ ယနေ့ ရှင်းပြမယ်နော်။

ရှင်းပြတော့ ဒကာ ဒကာမတွေ သစ္စာကို ရှင်းရမယ်ဆိုလို့ ရှိရင်၊ သစ္စာရှိတဲ့ နေရာသိမှ သစ္စာရှင်းလို့ ဖြစ်မှာပေါ့၊ သဘောကျလား . . . (ကျပါတယ်ဘုရား)။

## သစ္စာဘယ်မှာရှိပါလိမ့်

သစ္စာရှင်းရတော့မယ်ဆိုတော့ ဘယ်နေရာ ရှင်းရမှာပါလိမ့် . . . (သစ္စာရှိတဲ့ နေရာကို ရှင်းရမှာပါဘုရား)၊ သစ္စာရှိတဲ့နေရာမှာ သစ္စာရှာမှ သစ္စာတွေ့မှာပေါ့၊ သစ္စာမရှိတဲ့ နေရာ သစ္စာရှာလို့ တွေ့ပါမလား . . . (မတွေ့ပါဘူးဘုရား)၊ မတွေ့ဘူး ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်မှာသစ္စာရှိတယ်ဆိုတော့ အရမ်းပြောလိုက်တော့ ခန္ဓာကိုယ်ထဲမှာ ရှိတယ်လို့ ပြောလိုက်တယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အရမ်းပြောလိုက်တော့ . . . (ခန္ဓာကိုယ်ထဲမှာရှိပါတယ်ဘုရား)၊ ကောင်းပြီ ခန္ဓာကိုယ်ထဲမှာ ရှိတာတော့ဖြင့် ကောင်းကင်လက်ညှိုးထိုးသလိုပဲ ဘယ်ထိုးထိုး တွေ့မှာပဲ၊ ကောင်းကင်တော့ . . . (မှန်လှပါ)။

မတွေ့ပေဘူးလား . . . (တွေ့ပါတယ်ဘုရား)၊ သို့သော်လည်း အစစ်ကောင်းကင်ကို ရှာလိုက်တဲ့အခါကျတော့ အထက်ထိုးမှ တွေ့မှာပဲ။

## ခန္ဓာကိုယ်တစ်ခုလုံးဒုက္ခသစ္စာ

ဒီမှာလည်း ထိုနည်းအတူပဲတဲ့၊ သူရှိရာ ရှာမှ တွေ့မှာပဲ ခန္ဓာကိုယ်တစ်ခုလုံး ဒုက္ခသစ္စာလို့ ဆိုတာကတော့ ဒါ ပေါင်းပြော တဲ့ စကားပါလို့ မှတ်လိုက်ပါ၊ သဘောကျပလား . . . (မှန်ပါ့)။

ဒါဖြင့် ခန္ဓာကိုယ်ထဲက အစစ်သိမှ ကိုက်မှာပေါ့ . . . (မှန်ပါ့)၊ ဘာသိမှတုံး . . . (အစစ်သိမှပါဘုရား)၊ အစစ်သိမှ ကိုက်မယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ။

ဘယ်လိုဆုံးဖြတ်ချက်ချမယ် . . . (အစစ်သိမှပါဘုရား)၊ အစစ် သေသေချာချာသိမှ ကိုက်မှာလို့ ဆုံးဖြတ်ချက်ချပါ၊ ကောင်းပြီ ဒါဖြင့် သစ္စာပြရတော့မယ်လို့ ဆိုလို့ရှိရင် ဦးခင်မောင်ရေ ပဋိစ္စသမုပ္ပါဒ်ပြမှ ဖြစ်မယ် . . . (မှန်ပါ့)။

## သစ္စာပြမယ်ကြံရင်

သစ္စာ ပြရင် ဘာပြရမတုံး . . . (ပဋိစ္စသမုပ္ပါဒ်ပါဘုရား) အဲ သစ္စာပြမယ် ကြံလို့ရှိရင် ဒကာ ဒကာမတို့ ဘာပြရမယ် . . (ပဋိစ္စသမုပ္ပါဒ်ပါဘုရား)၊ ပဋိစ္စသမုပ္ပါဒ် ပြရမယ်။

သူမပြရင် နေရာကျပါ့မလား . . . (မကျပါဘူးဘုရား)၊ မကျသေးဘူးဆိုတော့၊ ကိုင်း . . . စကြစို့။

ဒကာ ဒကာမတို့ ဒီဘဝမှာ ဘယ်ကစသတုံးလို့ မေးလို့ ရှိရင် ဒီခန္ဓာဘယ်ကစတုံး မေးကြစို့နော် . . . (တင်ပါ့)။

## ဒီဘဝ၊ ဒီခန္ဓာဘယ်ကစပါလိမ့်

ဒီဘဝ ဒီခန္ဓာ ဘယ်ကစပါလိမ့်မတုံးဆိုတော့ ဝိညာဏ်က စတယ်လို့ ဖြေကြရလိမ့်မယ် . . . (မှန်ပါ့)၊ ဘယ့်နှယ် ဖြေကြမတုံး . . . (ဝိညာဏ်ကစပါတယ်ဘုရား)။

ဝိညာဏ်ဆိုတော စိတ်နော် . . . (မှန်ပါ့)၊ ပြီးတော့ အစဉ်တိုင်း လျှောက်လာတော့ ဘယ်ရောက်ပါလိမ့် . . . (နာမ် ရုပ်ပါဘုရား)။

ဩော် . ဒါ ဒီဘဝ ဒီဘဝ လက်ရှိပေ့ါဗျာ . . . (မှန်ပ့ါ)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)၊ ပြီးတော့ ဘာလာပါလိမ့် . . . (သဠာယတနပါဘုရား)။

ဒွါရ-စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန ဆိုတဲ့ အတွက် ဒီဒကာ ဒကာမတွေ ရှိမရှိ အကဲခတ် . . . (ရှိပါတယ် ဘုရား)။

ဩော်-ဒီဘဝတွေ့ရတယ်နော်၊ သဠာယတန ပစ္စယာဖဿောကော . . . (ရှိပါတယ်ဘုရား)၊ ရှိတယ်။ ဟိုတွေ့ ချင်၊ ဒီတွေ့ချင် ခင်ဗျားတို့ မတွေ့ချင်ဘူးလား . . . (တွေ့ချင် ပါတယ်ဘုရား)။

အဲ့ဒါ ဖဿသဘောတွေ၊ ဖဿပစ္စယာ . . . (ဝေဒနာ ပါဘုရား)၊ ဝေဒနာလည်းတွေ့မှာပဲတဲ့ သုခ၊ ဒုက္ခ၊ ဥပေက္ခာ မရှိပေ ဘူးလား . . . (ရှိပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဒါတွေသည်ကားလို့ ဆိုရင် ဘာတွေ့တုံးလို့ မေးရလိမ့်မယ်နော်၊ မေးတဲ့ အခါကျတော့ မဆုံးသေးတဲ့အတွက် သူ့ကိုပဲ ဆက်ကြည့်လိုက်ပါဦး။

ဝေဒနာပစ္စယာ . . . (တဏှာပါဘုရား)၊ တဏှာ ပစ္စယာ . . . (ဥပါဒါန်ပါဘုရား)၊ ဥပါဒါန ပစ္စယာ . . . (ကမ္မဘဝေါ) ကမ္မဘဝေါ၊ ကာယကံ၊ ဝစီကံ၊ မနောကံ ဒါရှိ မရှိ . . . (ရှိပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ရှစ်မျိုး

ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဒါရှိမရှိ အကဲခတ်စမ်းပါ (ရှိပါတယ်ဘုရား)။ ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးရှိတုံး . . . (ရှစ်မျိုးရှိပါတယ်ဘုရား)။

ဒီပြင် အပိုရှိသေးလားလို့မေး. . . (မရှိပါဘူးဘုရား) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

အမြဲတမ်းရှိတာသည် ဘယ်နှစ်မျိုးရှိပါလိမ့်. . . (ရှစ်မျိုး ပါဘုရား)။ ကောင်းပြီ ဒီ ရှစ်မျိုးကို နားလည်ချင်တော့ကိုးတဲ့ ဒီရှစ်မျိုးဟာ ဒကာ ဒကာမတွေ ဖြန်းခနဲ တွေးလိုက်တဲ့အခါကျ တော့ ဖြစ်စဉ်ပဲ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## ဒီဘဝဖြစ်စဉ်

ဒီဘဝဖြစ်စဉ် . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား) ဘာဖြစ်စဉ်ပါလိမ့် . . . (ဒီဘဝဖြစ်စဉ်ပါဘုရား) ဒီဘဝဖြစ်စဉ်ပဲဆိုတာ သေချာပလား။

ကောင်းပြီ ဘုရားက ဘယ်လိုဟောသတုံးဆိုတော့ မနေ့က သင်ထားတယ် ဒကာ ဒကာမတွေ ဘယ်လိုဟောတုံး ဒုက္ခက္ခန္ဓသာ။

ဘုရားက ဘယ်လိုဟောပါလိမ့်. . . (ဒုက္ခက္ခန္ဓသာပါဘုရား)။ ဒုက္ခက္ခန္ဓသာဆိုတော့ ဒါတွေဟာကွာတဲ့ အသေအချာတွေး မင်းတို့ ရှစ်ခုဟာ ဒုက္ခအစုကြီးပဲ ရှင်းပလား. . . (မှန်ပါ့)။

## ဘုရားကဘယ့်နှယ်ဟောတုံး

ဘုရားက ဘယ့်နှယ်ဟောတုံး. . . (ဒုက္ခအစုကြီးပါဘုရား)။ ဒုက္ခအစု၊ ပါဠိလို ဘယ်လိုပါလိမ့် . . . (ဒုက္ခက္ခန္ဓသာ)။ ဒုက္ခက္ခန္ဓသာ။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတွေ သန္တာန်မှာ ဘာအစုရှိတုံးလို့မေးရမယ်. . . (ဒုက္ခအစုရှိပါတယ်ဘုရား)။

ဩော်. . . ဘုရားကလည်း ဒုက္ခအစုလို့ဟောပြန်၊ ဒါတွေဟာ အကုန်စုနေသလားလို့ ခင်ဗျားတို့က သံသယရှိလိမ့်ဦးမယ်၊ ဦးဝတို့မရှိပေဘူးလား. . . (ရှိပါတယ်ဘုရား)။

## တဏှာမဖြစ်တဲ့အခါမဖြစ်ဘူး

မစုဘူးတဲ့ စုတော့၊ ဒါတွေဟာ စုနေတယ်လို့ ကိုမြစိန် ယူရင်လွဲမယ်၊ တဏှာဖြစ်ချင်လည်းဖြစ်တယ်၊ မဖြစ်တဲ့အခါ (မဖြစ်ပါဘူးဘုရား)။

ဒါဖြင့် အမြဲစုတယ်လို့ဆိုလို့ ရရဲ့လား. . . (မရပါဘူး ဘုရား)၊ မရသေးလို့ရှိရင် ဒီဥစ္စာ ဩော်- ဆရာသမား ကူဦးမှ ရမှာပဲ. . . (မှန်လှပါဘုရား)၊ မကူထိုက်ဘူးလား. . . (ကူထိုက်ပါတယ်ဘုရား)။

## ဆရာ မကူရင်လွဲလိမ့်မယ်

ကူမှရမယ် ဒကာ ဒကာမတို့၊ မကူရင်လွဲလိမ့်မယ်၊ ဘုရားကတော့ဖြင့် ဒုက္ခအစုကြီးလို့ ဟောလိုက်တာပဲ၊ သို့သော် ဝေဒနာတော့ဖြင့် အခါတိုင်း ဖြစ်တယ်လို့ထားပါတော့၊ တဏှာကအခါတိုင်း ဖြစ်ရဲ့လား . . . (မဖြစ်ပါဘူးဘုရား)။

ဥပါဒါန်က . . . (မဖြစ်ပါဘူးဘုရား) မဖြစ်ဘူးတဲ့၊ ကာယကံ၊ ဝစီကံ၊ မနောကံတို့ကလည်း တစ်ခါတလေ ကာယကံ၊ တစ်ခါတလေကျတော့ ဝစီကံ၊ တစ်ခါတလေကျ တော့ ဘယ့်နှယ်ဆိုကြမတုံး. . . (မနောကံပါဘုရား) မနောကံ ဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဥစ္စာ ဒီခန္ဓာကိုယ်ထဲမှာ ဒကာ ဒကာမတို့ ဖြစ်နေတဲ့အဖြစ်ဟာ အစုလို့ဆိုငြားသော်လည်း အစု တွေ့ရဲ့လား. . . (မတွေ့ပါဘူးဘုရား) မတွေ့ဘူး။

## ဒုက္ခအစုလို့ဟောတယ်

ဘုရားက ဘယ့်နှယ်ဟောတုံး. . . (အစုလို့ဟောပါ တယ် ဘုရား)။ ဒုက္ခအစု ဘုရားကဘယ့်နှယ်ဟောပါလိမ့်. . . (ဒုက္ခအစုပါဘုရား)။

ခင်ဗျားတို့ သန္တာန်ဖြစ်နေတာက ဒီလိုပဲဖြစ်နေသလား တဲ့ တစ်ခါတလေဖြစ်တယ်၊ တစ်ခါတလေ မဖြစ်ဘူး ရှင်းပလား (ရှင်းပါပြီဘုရား)။

တစ်ခါတလေတော့ ဘယ့်နှယ်ပါလိမ့်. . . (ဖြစ်ပါ တယ်ဘုရား) တစ်ခါတလေ. . . (မဖြစ်ပါဘူးဘုရား) မဖြစ် ဘူး၊ ဒါဖြင့် ဘယ့်နှယ်ပါလိမ့်မလဲ အကဲခတ်စရာမလိုဘူးလား (လိုပါတယ်ဘုရား)။

လိုတဲ့အခါကျလို့ရှိရင် ဝိညာဏ်ဆိုတဲ့စိတ်ဟာ သူ့သက် တန်းကို ကြည့်လိုက် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သူ့သက်တန်းကြည့်တော့ စိတ်ဟူသ၍ဟာ တစ်နဲ့နှစ်ပဲ မှတ်ပါ. . . (မှန်ပါ့) စိတ်ဟူသ၍ဟာ ဘယ့်နှယ့်မှတ်မယ် (တစ်နဲ့နှစ်ပါဘုရား)။

## မွေးတာနဲ့သေတာပဲရှိတယ်

ဒါဖြင့် တစ်နဲ့နှစ်ဆိုသဖြင့် ဒကာ ဒကာမတို့ ဖြစ်တာနဲ့ ပျက်တာပဲရှိတယ်. . . (မှန်ပါ့) မြန်မာစကားလို ပြောမယ်ဆိုရင် မွေးတာနဲ့ သေတာပဲရှိတယ်၊ ဒါပဲပြောရမယ်။

ဒီ့ပြင် ဘာပြောစရာရှိတုံး . . . (မရှိပါဘူးဘုရား) မွေးတာ ဘာဖြစ်လို့ မွေးပါလိမ့်မတုံးလို့ မေးရင် ဘယ့်နှယ် ပြောကြမတုံး. . . ဘယ့်နှယ်ဖြေကြမတုံး. . . (သေဖို့ပါ ဘုရား) သေမလို့မွေးလာတာ။

ဒါဖြင့် ဒီအမွေး ဘယ်သူမွေးချင်တုံး . . . (မမွေးချင်ပါဘူးဘုရား)။ မွေးချင်စရာများ ရှိသေးရဲ့လား. . . (မရှိပါဘူး ဘုရား) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## သေမလို့လူဖြစ်လာတာ

ဒါဖြင့် လူ၏ဖြစ်မှုသည် သြော်. . . သေမလို့ ဖြစ်လာတာပဲလို့ ဒကာ ဒကာမတွေ ဉာဏ်ထဲ မထင်နိုင်ဘူးလား. . . (ထင်နိုင်ပါတယ်ဘုရား)။

ထင်နိုင်တဲ့အခါကျလို့ရှိရင်ဖြင့် ဒါလူဖြစ်ရတာဟာ ဦးခင်မောင်က ဆုံးဖြတ်ချက်ချ၊ လူဖြစ်ရတာ ချမ်းသာဖို့ ဖြစ်လာတာလား. . . (ဆင်းရဲဖို့ဖြစ်လာတာပါဘုရား)။

ဒါဖြင့် သူဟာဖြစ်ကတည်းက ဖြစ်ဆင်းရဲ. . . (မှန်ပါ) ရှင်းပလား. . . (မှန်ပါ) ဘယ့်နှယ်ဆိုကြမလဲ. . . (ဖြစ်ဆင်းရဲပါဘုရား)။

နောက် ဖြစ်ဆင်းရဲပြီးတော့ သူဘာလမ်းဆုံးပါလိမ့်. . (ပျက်ဆင်းရဲပါဘုရား)။ ပျက်ဆင်းရဲမှာ လမ်းဆုံးတယ် သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဝိညာဏ်လေးဟာ ဒုက္ခအစုလေးပဲ. . . (မှန်ပါ) မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ အစုလေးပဲဆိုနိုင်ကြပလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## ဖြစ်ဒုက္ခ ပျက်ဒုက္ခအစုလေး

ဝိညာဏ်လေး ဘယ့်နှယ်ဆိုကြမလဲ. . . . . . (ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပါဘုရား)၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ အစုလေးပဲ ဆိုတော့ ဩော်. . . ဒါကြီးတစ်ခုလုံး စုနေတာဆိုတာ မဟုတ် ပါလား. . . (တင်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါတယ် ဘုရား)။

ဦးဘတင် ဘယ်လိုပေါ်ပါလိမ့်. . . (ဒါကြီးတစ်ခုလုံး စုတာမဟုတ်ပါ၊ တစ်ခု တစ်ခု) တစ်ခု တစ်ခု (မှန်ပါ) ဥပမာ ဝိညာဏ်ဆိုတော့ စိတ် မဟုတ်လားဗျာ. . . (မှန်လှပါ)။

## တစ်ကိုယ်လုံးကိုဆိုတာမဟုတ်ပါ

စိတ်ဆိုတော့ ဝေဒနာပါမယ်၊ သညာပါမယ်၊ သင်္ခါရပါမယ်ဆိုတော့ အစုကလေး မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)၊ အဲဒါဆိုတာ . . . (မှန်ပါ့) ရှင်းပလား။

ဒါဖြင့် တစ်ကိုယ်လုံးကို ဆိုတာမဟုတ်ဘူး. . . (မှန်ပါ့) သဘောပါ ကြရဲ့လား. . . (ပါပါတယ်ဘုရား) ဘယ်လိုများ ပါပါလိမ့်။

## ယှဉ်ဖော်ယှဉ်ဖက်စေတသိက်တွေ

စိတ်ကလေး တစ်ခုရှိတယ်။ ဒကာ ဒကာမတို့ ဘယ်စိတ်ဖြစ်ဖြစ်ပေါ့ဗျာ၊ စိတ်ဖြစ်တယ်ဆိုတော့ ယှဉ်ဖော်ယှဉ်ဖက် စေတသိက် ဝေဒနာတို့၊ သညာတို့၊ သင်္ခါရတို့ မပါဘူးလား. . . (ပါ ပါတယ်ဘုရား)။

ဖြစ်တုန်းကလည်း အတူတူပဲမဟုတ်လား. . . (မှန်ပါ့) ပျက်တော့ကော. . . (အတူတူပါဘုရား)၊ ဒါဖြင့် အပေါင်းပျက်လား၊ အစုပျက်လား. . . (အစုပျက်ပါဘုရား)။ အစုပျက်။

ဖြစ်တော့ကော. . . (အစုဖြစ်ပါဘုရား) အစုဖြစ်ပဲ၊ ပျက်တဲ့အခါ . . . (အစုပျက်ပါဘုရား) အစုပျက်ပဲဆိုသဖြင့် သူ ဒုက္ခအစုဖြစ်၍ ဒုက္ခအစုပျက်တယ်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## သာမညဆရာနဲ့ဆိုရင်

ဘယ့်နှယ်ဆိုကြမယ်. . . (ဒုက္ခအစုဖြစ်၍ ဒုက္ခအစု ပျက်ပါတယ်ဘုရား) အဲ့ဒါ ခင်ဗျားတို့ သာမညဆရာနဲ့ တွေ့လို့ ရှိရင်ဖြင့် ဒါတွေကိုဟောမယ်. . . (မှန်ပါ့)။

ဒါ ဒုက္ခအစုကြီးလို့ဟောမယ်၊ ဦးဘဒင် ဘယ်လောက် ကွာသွားသတုံး. . . မကွာဘူးလား. . . (ကွာပါတယ်ဘုရား)

## တစ်ကိုယ်လုံးဆိုရင်ပညတ်ခံမယ်

သာမညဆရာဖြင့် ဦးခင်မောင်တို့က ဩော်- တစ်ကိုယ် လုံးဟာ ဒုက္ခအစုပေါ့ဘုရား. . . (မှန်လှပါ)၊ ရှုတော့ ဒီ တစ်ကိုယ်လုံးဆိုရင် ပညတ်ခံမှာပေါ့ဗျ. . . (မှန်ပါ့) ပရမတ် တွေ့ပါ့မလား. . . (မတွေ့ပါဘုရား)။

ခန္ဓာပညတ်ခံနေမယ်၊ ခန္ဓာဆိုတာ အပေါင်း၊ ပညတ်ဆို တာက တင်စားခေါ်တာ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ခန္ဓာထဲကအစိတ်ကလေးတစ်ခု

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဘယ်လိုဆုံး ဖြတ်ချက်ချရမတုံး ဆိုလို့ရှိရင်ဖြင့် ခန္ဓာထဲက အစိတ်ကလေး တစ်ခု တစ်ခု ခန္ဓာထဲက တစ်ခုပေါ်လာလို့ရှိရင်ဖြင့် သူ

ဒုက္ခဟော့အများကြီးနဲ့ စုစုပြီး ယှဉ်ဖော်ယှဉ်ဖက်နဲ့တကွ ဒုက္ခတွေ စု၊ ကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား)။

ပျက်တဲ့အခါ . . . (စု ပျက်ပါတယ်ဘုရား) ဒါဖြင့် အတူတကွဖြစ်၍ အတူတကွပျက်တယ်လို့ မဆိုနိုင်ကြဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

## အတူတကွပျက်တယ်ဆိုရင်

ကောင်းပြီ ဒါဖြင့် အတူတကွဖြစ်၍ အတူတကွပျက် တယ်လို့ဆိုသဖြင့် တစ်ခုတည်းလား. . . အများကြီးလား. . . အများကြီးပေါ့ဗျာ။

ကောင်းပြီ ဒါဖြင့် အများကြီးဖြစ်၍ ဘယ့်နှယ်ဆိုကြမ တုံး. . . (အများကြီး ပျက်ပါတယ်ဘုရား) ဒါဖြင့် ဒုက္ခ အစုဖြစ်၍ (ဒုက္ခအစု ပျက်ပါတယ်ဘုရား)။

## ဝိပဿနာယောဂီက ဒီလိုမြင်ရမယ်

ဒါကို မြင်အောင်ကြည့်ရမယ်၊ ဝိပဿနာယောဂီက ရှင်းကြပလား. . . (ရှင်းပါပြီဘုရား) ဝိပဿနာ ယောဂီအမြင် က ဒီလိုမြင်ရမှာ ခန္ဓာကိုယ် တစ်ခုလုံးကို မြင်လို့မရဘူး၊ ဦးခင်မောင်. . . (မှန်လှပါ)။

ဘယ်လိုဟာ ကြည့်ရမတုံး. . . ကိုယ့်ရှေ့ရောက်လာတဲ့ ဒုက္ခအစုလို့. . . (တင်ပါ့) ဘယ့်နှယ်ဆိုကြမလဲ. . . (ကိုယ့်ရှေ့ရောက်လာတဲ့ဒုက္ခ အစုပါဘုရား)။

## ညာဏ်ရှေ့ရောက်လာတာရှုရမှာ

ညာဏ်ရှေ့ရောက်လာတဲ့ ဒုက္ခအစုကလေး. . . (မှန်လှပါ) သဘောပါကြပလား. . . (ပါပါတယ်ဘုရား) ဘယ်သူ့ရှုရမယ် . . . (ညာဏ်ရှေ့ရောက်လာတာ ရှုရမှာပါဘုရား)။

ဒါဖြင့် ဘယ်တရားပဲ ညာဏ်ရှေ့ရောက်ရောက် ခင်ဗျားတို့က ဆုံးဖြတ်ချက်ချ ဘာအစုရောက်တုံး. . . (ဒုက္ခအစုရောက်ပါတယ်ဘုရား)။

ဩော်-ဘယ်တရားပဲ ညာဏ်ရှေ့ရောက်ရောက် ဒုက္ခအစုရောက်တာပဲဆိုတာ သဘောပါပလား . . . (ပါပါတယ်ဘုရား) ဒါဖြင့် အရင်ဖြစ်တာ၊ ပျက်တာလည်း ဒုက္ခအစု၊ အခု ညာဏ်ရှေ့ရောက်လာတာကော. . . (ဒုက္ခအစုပါဘုရား)။

## ဘယ်ဟာလာလာ၊ ဒုက္ခအစုချည်းပဲ

နောက် ရှုဖန်များလို့ တွေ့မှာတွေကော. . . (ဒုက္ခအစုတွေပဲ တွေ့မှာပါဘုရား)။ ဩော်. . . ဒါဖြင့် ခင်ဗျားတို့ ဒုက္ခပိုင်းခြားနိုင်ပြီ၊ ဘယ်ဟာလာလာ ဘယ်လိုဆုံးဖြတ်ချက်ချ

မလဲ (ဒုက္ခအစုပါဘုရား) သဘောပါကြပလား. . . (ပါ ပါတယ်ဘုရား)။

ဘယ်ဟာလာလာ ဘာဆိုကြမတုံး. . . (ဒုက္ခအစုချည့် ပါဘုရား) ဒုက္ခအစုချည့်ပဲဆိုတာ ငြင်းနိုင်သေးသလား. . . (မငြင်းနိုင်ပါဘူးဘုရား)။

## ဒုက္ခအစုကိုမြင်နေဖို့အရေးကြီးတယ်

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခအစုကိုမြင်နေ ဖို့အရေးကြီးတယ်၊ ဘာအရေးကြီးပါလိမ့်. . . (ဒုက္ခအစုကို မြင်ဖို့ပါဘုရား)။

ဒုက္ခအစုဆိုတော့ ရှုတိုင်း ရှုတိုင်း ဘာတွေတွေ့ရမတုံး (ဒုက္ခအစု တွေ့မှာပါဘုရား) ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ စိတ်ဖြစ်တယ်ဆိုလည်း ဒုက္ခစုဖြစ်၍ ဒုက္ခအစုပျက်တာပဲ. . . (မှန်ပါ့)။

ဒီဘက်က နာမ်ဖြစ်တယ်ဆိုတော့. . . (ဒုက္ခအစုဖြစ် ၍ ဒုက္ခအစုပျက်တာပါဘုရား) အင်း-ဒီဘက်က ရုပ်ဖြစ်တယ် ဆိုတော့. . . (ဒုက္ခအစုဖြစ်၍ ဒုက္ခအစုပျက်တာပါဘုရား) ရုပ်က အဋ္ဌကလာပ်ကိုး. . . (မှန်ပါ့) ဒသက-ကလာပ်ကိုး (မှန်ပါ့)။

အစုဖြစ်၍ ဘာတုံး. . . (အစုပျက်ပါတယ်ဘုရား) ကောင်းပြီ သဠာယတနဆိုတော့လည်း ကြည့်ပါလား၊ သဠာ

ယတနဆိုတော့ သောတ ဒသက ကလာပ်၊ ဥပမာမယ် စက္ခု ဒသက ကလာပ်။

ကလာပ်ဆိုတော့ ရုပ်တွေကမများဘူးလား. . . (များ ပါတယ်ဘုရား) ဒါဖြင့် အစုဖြစ်၍ . . . (အစုပျက်ပါတယ် ဘုရား)။

ဒါဖြင့် ဒုက္ခအစုဖြစ်၍ . . . (ဒုက္ခအစုပျက်ပါတယ် ဘုရား) ဒီလိုမြင်ရမှာ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဖဿကြည့်လိုက်ပြန်တော့ ဖဿဟာ အပြောသာတစ်ခုတည်း၊ အပြောသာတစ်ခုတည်းပါတဲ့၊ ဖဿနဲ့ ယှဉ်ဖော်ယှဉ်ဖက် တရားတွေ အကုန်ပါတာပဲ. . . (မှန်ပါ့)။

မပါဘူးလား. . . (ပါ ပါတယ်ဘုရား) အဲတော့ ဘယ့်နှယ်ဆိုမတုံး. . . ဒုက္ခအစုဖြစ်၍. . . (ဒုက္ခအစု ပျက်ပါ တယ်ဘုရား)။

## ဝေဒနာရှုတဲ့ပုဂ္ဂိုလ်

ဩော်. . . ဒါဖြင့် နေရာကျပြီ၊ ဝေဒနာဆိုတာ သူချည့် ဖြစ်ပါသလားလို့ မေးလိုက်ပြန်တယ်၊ ယှဉ်ဖော်ယှဉ်ဖက်နဲ့ဖြစ် နေတယ်. . . (မှန်လှပါ) မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါ တယ်ဘုရား)။

· ဘယ့်နှယ်ဆိုကြမလဲဗျ. . . (ဒုက္ခအစုဖြစ်၍ ဒုက္ခအစု ပျက်ပါတယ်ဘုရား) ဒါဖြင့် ဝေဒနာရှုတဲ့ပုဂ္ဂိုလ်လည်း ဒုက္ခအစု ဖြစ်၍ ဒုက္ခအစုပျက်တာမြင်ရမယ် ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

## တဏှာရှုတဲ့ပုဂ္ဂိုလ်

တဏှာဆိုတော့ သူချည့်ဖြစ်ပါသလားလို့ မေးလိုက်တယ်၊ တဏှာဆိုတော့ လောဘ. . . (မှန်ပါ့) လောဘ ယှဉ်ဖော်ယှဉ်ဖက် စေတသိက်နဲ့တကွ မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

သူနဲ့အတူတကွဖြစ်တဲ့ ရုပ်တွေနဲ့ကော. . . (ဖြစ်ပါတယ်) ဒါဖြင့် သူလည်းအစုပေါ့ဗျာ. . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ့်နှယ်ဆိုကြမလဲ. . . (ဒုက္ခအစုဖြစ်၍ ဒုက္ခအစုပျက်ပါတယ်ဘုရား)၊ ဒုက္ခအစုဖြစ်၍ ဒုက္ခအစုပျက်တယ်၊ ဒါပဲဆုံးဖြတ်ချက်ချ၊ တဏှာရှုတဲ့ပုဂ္ဂိုလ်က။

## ဥပါဒါန်ရှုတဲ့ပုဂ္ဂိုလ်

ဥပါဒါန် ရှုတဲ့ပုဂ္ဂိုလ်ကကော သူချည့်သက်သက်လား၊ အပေါင်းနဲ့လား. . . (အပေါင်းနဲ့ပါဘုရား)၊ ဒါ ဦးခင်မောင်

ဘယ့်နှယ်ဆိုမတုံး . . . (ဒုက္ခအစုဖြစ်၍ ဒုက္ခအစု ပျက်ပါတယ် ဘုရား) ရှင်းပလား။

ကာယကံ၊ ဝစီကံ၊ မနောကံတွေက ကံချည်းဖြစ်ပါသလား၊ ယှဉ်ဖော်ယှဉ်ဖက်တွေနဲ့တကွ ဖြစ်သလား . . . (ယှဉ်ဖော်ယှဉ်ဖက်တွေနဲ့ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ့်နှယ်ဆိုကြမလဲ. . . (ဒုက္ခအစုဖြစ်၍ ဒုက္ခအစု ပျက်ပါတယ်ဘုရား) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## တစ်ကိုယ်လုံးကိုယူရင် ခန္ဓာက ခံတယ်

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဒုက္ခအစုဆိုတာ သူများနဂိုတုန်းက ခင်ဗျားတို့ နာထားတဲ့ တရားတွေက တစ်ကိုယ်လုံးကိုယူမယ်. . . (မှန်ပါ့) မယူကြဘူးလား (ယူပါတယ်ဘုရား)။

တစ်ကိုယ်လုံး ဒုက္ခသစ္စာပဲ၊ ဉာဏ်ထင်တော့ အဲဒီအပိုင်းကြီးက အပိုင်းကြီးဆိုတော့ ပြတ်နိုင်ပါ့မလား. . . (မပြတ်နိုင်ပါဘူးဘုရား)။ ခန္ဓာခံတယ် မခံဘူးလား. . . (ခံပါတယ် ဘုရား)။

## ဉာဏ်အောက်ရောက်တာတစ်ခုကိုရှုပါ

တစ်ခု တစ်ခု ဉာဏ်အောက်ရောက်တာ ရှုမယ်ဆိုတော့ ဘယ်နှယ်တုံး အပျက်တွေ့မလား . . . (တွေ့ပါတယ်ဘုရား)

တွေ့တဲ့အခါကျတော့ကော ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခတွေ့မယ်၊ တခြား ဘာတွေ့စရာရှိသေးတုံး. . . (မရှိပါဘူးဘုရား)၊ ကဲ ဦးခင်မောင် ဘာတွေ့မတုံး. . . (ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခ) အနောက်က ဒကာ ဒကာမတွေ ဘာတွေ့မတုံး. . . (ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခပါဘုရား)။

## ဘာတွေချည်းတွေ့ရတုံး

ကိုင်း- ဉာဏ်အောက်ရောက်လာတော့ ဘာတွေချည်း တွေ့ရတုံး. . . (ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခတွေ့ရပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်ခန္ဓာကိုယ်ထဲမှာ ကိုယ့်ဉာဏ်နဲ့ ကိုယ်ကြည့်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဖြစ်တဲ့ဒုက္ခ ပျက်တဲ့ဒုက္ခမှတစ်ပါး ဘာများတွေ့သေးတုံး. . . (ဘာမှမတွေ့ပါဘူးဘုရား)။

ဒါဖြင့် ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချစမ်း၊ ကိုယ့်ခန္ဓာထဲ ဘာတွေရှိတုံး . . . (ဖြစ်ဒုက္ခ ပျက်ဒုက္ခရှိပါတယ်ဘုရား) ဖြစ်ဒုက္ခ ပျက်ဒုက္ခအစုသာရှိတယ် သဘောပါပလား. . . (ပါပါတယ်ဘုရား)။

ဘာရှိပါလိမ့်. . . (ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခရှိပါတယ် ဘုရား)၊ နောက်လာမှာကော . . . (ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခလာ မှာပါဘုရား)။

နောက်ကလွန်ခဲ့တုန်းက ချုပ်သွားတာတွေကော (ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခပါဘုရား)။

## တစ်ခုတည်းပဲပိုင်းခြားနိုင်ရင် မင်္ဂရလိမ့်မယ်

အဲတော့ ဒီအသံဟာ ဘာသံတုံးလို့ မေးလို့ရှိရင် ဒုက္ခပိုင်းခြားတဲ့အသံ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား) ဘာသံပါလိမ့် (ဒုက္ခပိုင်းခြားတဲ့အသံပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ၊ ယောဂီပုဂ္ဂိုလ်တွေဟာ ရှုတဲ့အချိန်ကျလို့ရှိရင် တရားလေးတော့ဖြင့် တစ်ခုတည်းပဲ ဒုက္ခအစုလို့ပိုင်းခြားနိုင်ရင် ဒါမင်္ဂရလိမ့်မယ်. . . (မှန်လှပါ) ရိပ်မိပလား (ရိပ်မိပါတယ်ဘုရား)။

## အပိုင်းကြီးမမြင်ရဘူး

ဒုက္ခအစုလို့ ပိုင်းခြားနိုင်ရင်. . . (မင်္ဂရမှာပါဘုရား) ရှေ့ကချုပ်တာလည်း ဘယ့်နှယ်ဆိုကြမလဲ. . . (ဒုက္ခအစု) ယခုဉာဏ်အောက်ရောက်နေတာကော. . . (ဒုက္ခအစု) နောက်ရှိလတ္တံ့တွေကော. . . (ဒုက္ခအစုတွေပါဘုရား)။

ဒီလို ယောဂီပုဂ္ဂိုလ်မှာ မြင်ရမယ် တစ်ခုတစ်ခု၊ တစ်ခု တစ်ခု သဘောကျပလား. . . (မှန်ပါ့)၊ အပိုင်းကြီး မမြင်ရဘူး ဆိုတာကော ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## ဘယ်လိုမြင်မှကိုက်မှာလဲ

ဘယ်လိုမြင်မှကိုက်မှာပါလိမ့် . . . (တစ်ခုတစ်ခုစီ မြင်မှပါဘုရား)၊ ဒါဖြင့် ဒုက္ခ ကွန္ဒသ မနေ့ကပြောတာက ကျဲ တယ်၊ ဒီနေ့ပြောတာက စိတ်တယ်. . . (စိတ်ပါတယ်ဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

မနေ့ကပြောတာက ဒါကြီး ဒုက္ခကွန္ဒသလို့ပြောလိုက် တယ် . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါတယ် ဘုရား)။

## ဉာဏ်ထဲဘယ်လိုထင်ရမှာလဲ

ယောဂီပုဂ္ဂိုလ်၏ဉာဏ်ထဲ ဘယ်လိုထင်ရမှာပါလိမ့်. . (တစ်ခုတစ်ခုအစုပါဘုရား)။ တစ်ခု တစ်ခု အစုကိုမြင်ရမယ် (မှန်ပါ့)။

ဒါကြီးအကုန်ထင်နိုင်ကြပါ့မလား. . . (မထင်နိုင်ပါ ဘူး)။ မထင်နိုင်ဘူးတဲ့ တစ်ခု တစ်ခုသာ ကောန်ထင်မှာပါပဲဆို တာ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အစဉ်အတိုင်းပဲပြောကြပါစို့ ဥပမာမှာ စိတ်ရှုတဲ့ပုဂ္ဂိုလ်မှာ၊ ဥပမာမယ် ဖဿ၊ ဝေဒနာ၊ ဝေဒနာ ရှုလိုက်မယ် ဝေဒနာကြည့်လိုက်တော့ ဝေဒနာတွေ့လား၊ ဘာတွေ့တုံး. . . (ဒုက္ခအစုတွေ့ပါတယ်ဘုရား)။ ဒုက္ခအစု တွေ့တယ်. . . (မှန်လှပါ) ရှင်းပလား. . . (မှန်ပါ့)။

ဘာတွေ့ကြတုံး. . . (ဒုက္ခအစုတွေ့ပါတယ်ဘုရား)၊ ဝေဒနာတွေ့လား၊ ဒုက္ခအစုတွေ့လား . . . (ဒုက္ခအစုတွေ့ပါ တယ်ဘုရား)။ နောက်တစ်ခါကျတော့ ကိုယ့်သန္တာန် တဏှာ ပေါ်လာတယ်။

## ဒုက္ခအစုချည်းတွေ့တယ်

ဝေဒနာချုပ်သွားတော့ တဏှာပေါ်ချင် မပေါ်ပေဘူး လား. . . (ပေါ်ပါတယ်ဘုရား) အကြောင်းတိုက်ဆိုင်ရင်ပေါ့ ဗျာ. . . (မှန်ပါ့)၊ ပေါ်လာတဲ့အခါကျတော့ တဏှာမတွေ့စေ နဲ့ . . . (မှန်ပါ့)။

ဘာတွေ့ရမတုံး (ဒုက္ခအစုတွေ့ရမှာပါဘုရား)၊ ကြော် နေရာကျပြီ တဏှာကချုပ်သွားတဲ့အခါ တစ်ခါတလေ ဥပါဒါန် ရှုမိတဲ့အခါလည်း လာဦးမှာပဲ . . . (မှန်ပါ့)၊ မလာပေဘူးလား (လာပါတယ်ဘုရား)။

လာတော့လည်း ဘာတွေ့မတုံး. . . (ဒုက္ခအစုတွေ့မှာ ပါဘုရား)၊ အင်း-နေရာကျပြီ၊ နေရာကျပြီ၊ ကိုင်း-နေရာကျပြီ။ ဒကာ ဒကာမတို့ ကံတွေစုမိတဲ့အခါကျတော့လည်း၊ ဩော်-ဒါက ကာယကံ၊ ဒါက ဝစီကံ၊ ဒါက မနောကံ ရှုကြည့်စမ်းပါတဲ့ ဘာတွေတွေ့မတုံး . . . (ဒုက္ခအစုတွေ့မှာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဆုံးဖြတ်ချက်ချပါလား၊ ငါတို့ သန္တာန်ပေါ်နေသမျှ ဒုက္ခအစုချည့်ပဲ ပျက်လေသမျှကော (ဒုက္ခအစုချည့်ပါဘုရား)။ဖြစ်လေသမျှ (ဒုက္ခအစုချည့်ပါဘုရား)။

## ယောဂီပုဂ္ဂိုလ်၏အမြင်မှန်

ပျက်လေသမျှ (ဒုက္ခအစုချည့်ပါဘုရား)၊ အင်း-ပျက်လေသမျှ . . . (ဒုက္ခအစုပါဘုရား)၊ ဖြစ်လေသမျှ . . . (ဒုက္ခအစုပါဘုရား)၊ ဒီလိုချည်းမြင်ရမယ် သဘောကျပလား. . . (မှန်ပါ့)။

ဒါက အမြင်မှန်ကိုပြတာတဲ့၊ ယောဂီပုဂ္ဂိုလ်၏အမြင်မှန်ကိုပြတာ၊ ဘာပြပါလိမ့် ဦးခင်မောင်. . . (အမြင်မှန်ပြတာပါဘုရား)။

ဘယ်သူ၏အမြင်မှန်တုံး . . . (ယောဂီပုဂ္ဂိုလ်၏ အမြင်မှန်ပါဘုရား)။ အဲဒါ ပဋိဝေဓဉာဏ်၊ ဘာဉာဏ်ပါလိမ့် . . . (ပဋိဝေဓဉာဏ်ပါဘုရား)၊ ပဋိဝေဓဉာဏ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

## မဂ္ဂင်ရှစ်ပါးနဲ့မြင်တဲ့ဉာဏ်

ဒါက သူများပြောလား၊ ကိုယ့်ဉာဏ်နဲ့ကိုယ် ဆုံးဖြတ်ချက်ချတာလား. . . (ကိုယ့်ဉာဏ်နဲ့ကိုယ် ဆုံးဖြတ်ချက်ချတာပါဘုရား)။

အဲဒီဉာဏ် ဘာဉာဏ်ခေါ်ကြမယ်. . . (ပဋိဝေဓဉာဏ်ပါဘုရား)၊ အဲ-ပဋိဝေဓဉာဏ်ဖြစ်လို့ရှိရင် မဂ္ဂင်ရှစ်ပါးနဲ့ မြင်တဲ့ဉာဏ်လို့မှတ်ရမယ်. . . (မှန်လှပါ)။

ဘယ်နှစ်ပါးနဲ့မြင်တာတုံး. . . (မဂ္ဂင်ရှစ်ပါးနဲ့မြင်တာပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။ မဂ္ဂင်ရှစ်ပါးနဲ့ မြင်တဲ့ဉာဏ်ဆိုလို့ရှိရင်ဖြင့်၊ ဦးခင်မောင် ဒီပုဂ္ဂိုလ်သူမြင်နေတာက မဂ္ဂင် ဟုတ်လား၊ သူပိုင်းခြားတာက ဒုက္ခ . . . (ဒုက္ခပါ)။

ဘယ့်နှယ်ဆိုကြမတုံး. . . (မြင်နေတာက မဂ္ဂ၊ ပိုင်းခြားတာက ဒုက္ခပါဘုရား) သူပိုင်းခြားတာက . . . (ဒုက္ခ) သူမြင်တာက . . . (မဂ္ဂင်ပါဘုရား)။

## မဂ်သည်ဒုက္ခပိုင်းခြားတယ်

ဩော်-မဂ်သည် ဒုက္ခပိုင်းခြားတာ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။ မဂ်သည် ဘာလုပ်ပါလိမ့်. . . (ဒုက္ခပိုင်းခြားပါတယ်ဘုရား)၊ ဒုက္ခပိုင်းခြားတယ်ဆိုတော့ ကောင်းကောင်းကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား)။

ကောင်းပြီ-ဒါဖြင့် မဂ္ဂင်မှ ဒုက္ခပိုင်းခြားနိုင်တယ်၊ မဂ္ဂင်မှာ ဘာကိစ္စရှိသတုံးမေး၊ **ဘာဝေတဗ္ဗ ကိစ္စ . . .** (မှန်ပါ့)၊ ရှင်းပလား. . . (မှန်ပါ့)။

## မဂ္ဂင်ကပွားတယ်ဆိုတာ

မဂ္ဂင်ကဘာကိစ္စရှိတုံး. . . (ဘာဝေတဗ္ဗကိစ္စရှိပါတယ်ဘုရား)၊ ဘာဝေတဗ္ဗကိစ္စဆိုတော့ သူကတော့ ခဏ ခဏ ပွားမှာပဲ၊ ဒီကဒုက္ခတွေ ဆက်ပြမှ သူက အပွားဖြစ်တာ . . . (မှန်လှပါ)။

ဒီက ဒုက္ခတွေ ဆက်မပြရင် . . . (အပွားမဖြစ်ပါဘူးဘုရား)။ ဒီကအပွားလို့ဆိုလို့ရရဲ့လား . . . (မရပါဘူး) ဒါဖြင့် ဘယ့်နှယ်ဆိုကြမယ် ရှေ့ကအဆက် ဆက်ပြီးတော့မြင်ရမယ် (မှန်ပါ့)။

ဒုက္ခချည်းဆက်လာရမယ်၊ ဒုက္ခချည်းဆက်တာကို မဂ္ဂင်က လာတိုင်း လာတိုင်း မြင်နေရမယ်၊ မြင်ရင်သူကို ဘယ့်နှယ်ဆိုကြမတုံး . . . (ပွားပါတယ်)။

## အယူလွဲမှာစိုးလို့ပြင်ပေးတာ

တစ်ခုတည်းပွားတာလား၊ ဆက်ဆက်လာတာကို တွေ့လိုက်တာလား. . . (ဆက်ဆက်လာတာကိုတွေ့တာပါဘုရား) အဲဒါ အယူလွဲမှာစိုးလို့ ပြင်ပေးတာ။

မဂ်နဲ့ပွားများနေရမယ်ဆိုတော့ တစ်ခုတည်း မှတ်နေမယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။ တစ်ခုတည်း ဟုတ်ပါရဲ့လား . . . (မဟုတ်ပါဘူးဘုရား)။

## တစ်ခုတည်းကိုပွားလို့ဖြစ်ကဲ့လား

တစ်ခုတည်းကော ပွားလို့ဖြစ်ရဲ့လား. . . (မဖြစ်ပါဘူး) သို့သော် တစ်ခုတည်းတော့ မဟုတ်ဘူးတဲ့၊ သဘောတော့တူတယ်၊ တော်ကြာကျတော့ ဝေဒနာဒုက္ခ၊ တော်ကြာ တဏှာဒုက္ခ၊ ဉပါဒါန်ဒုက္ခ၊ ကံဒုက္ခမလာပေဘူးလား . . . (လာပါတယ်ဘုရား)။

အဲ-လာတာဟူသရွေ့ ခင်ဗျားတို့က ဘာလုပ်ရမတုံး . . . (ဆက်ဆက်ပွားရမှာပါဘုရား)၊ ဆက်ဆက်ပွားဆိုသဖြင့် မဂ္ဂတော့ဖြင့် ပွားတာအမှန်ပဲတဲ့၊ ရှေ့ကဒုက္ခကတော့ ပြောင်းတယ် . . . (မှန်ပါ့)။

တစ်ခုချုပ်ပြီးတော့ ဘာတုံး. . . (တစ်ခုပေါ်ပါတယ်) တစ်ခုပေါ်ပါတယ်၊ အဲဒီတစ်ခုပေါ်တာ ချုပ်ပြီးတော့ ဘာလုပ်ကြတုံး. . . (နောက်တစ်ခုပေါ်ပါတယ်ဘုရား)။

## ဆက်လာတဲ့ဒုက္ခကို စဉ်တိုက်ပွားပါ

နောက်တစ်ခုမပေါ်ပေဘူးလား . . . (ပေါ်ပါတယ်

ဘုရား)၊ ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခသစ္စာ ပွားများရမယ်၊ မဂ္ဂသစ္စာနဲ့ ဒုက္ခသစ္စာ ပွားများရမယ်လို့ဆိုတော့ ဒုက္ခတစ်ခုတည်းကို ပွားများမနေပါနဲ့ ဆက်လာတဲ့ဒုက္ခတွေကို စဉ်တိုက်ပွားပါ။

ဘယ်လိုဆိုကြမယ် . . . (ဆက်လာတဲ့ဒုက္ခတွေကို စဉ်တိုက်ပွားရမှာပါဘုရား)၊ ဆက်လာတဲ့ဒုက္ခတွေကို စဉ်တိုက်ပွားရမယ်။

ပွားလိုက်တဲ့အခါကျတော့ ဘာလာလာ ရှေ့မှာလာတာ ဘယ်လိုဆုံးဖြတ်ချက်ချမတုံး. . . (ဒုက္ခအစုလို့ပါဘုရား)၊ ဒုက္ခအစုပဲလို့ မဆိုနိုင်ဘူးလား. . . (မှန်ပါ့)။

ဖြစ်တာလည်း. . . (ဒုက္ခ)၊ ပျက်တာကော. . . (ဒုက္ခပါဘုရား)၊ ဩော်-နေရာကျပြီ ဒကာ ဒကာမတို့ ဒုက္ခအစုလည်း နားလည်သွားပြီ၊ ဖြစ်တာလည်း ဒုက္ခအစုဆိုတာ သေချာပြီ၊ ပျက်တာကော . . . (ဒုက္ခအစုပါဘုရား)။

## ဘာလာလာဒုက္ခအစုလို့ဆုံးဖြတ်

နောက်လာမှာကော . . . (ဒုက္ခအစုပါဘုရား)၊ နောက်တစ်ဖန်လာမှာကော . . . (ဒုက္ခအစု)၊ ဒါဖြင့် ခင်ဗျားတို့ ကိုယ့်ခန္ဓာ ဘယ်လိုဆုံးဖြတ်ချက်ချကြမတုံး. . . (ဒုက္ခအစုပါဘုရား)။

သူများက မင်းခန္ဓာထဲမှာကွာ သုခဝေဒနာပါပါသေး တယ်လို့ ပြောရင်ကော၊ ခင်ဗျားတို့ ဘယ်လိုဆုံးဖြတ်ချက်ချ ကြမတုံး. . . (မပါပါဘူးဘုရား)၊ ပါသေးလား. . . (မပါပါဘူး ဘုရား)။

သုခဝေဒနာဖြစ်တော့လည်း ဖြစ်ဒုက္ခ . . . (မှန်ပါ့)၊ ပျက်သွားတော့ကော. . . (ပျက်ဒုက္ခပါဘုရား)။

## ပဋိဝေဓအမြင်

ဒါ ဘယ်သူ့အမြင်ပါလိမ့်. . . (ပဋိဝေဓအမြင်ပါဘုရား)၊ ပဋိဝေဓအမြင် . . . (မှန်ပါ့)၊ ယောဂီပေမယ့် အနုဗောဓအမြင်၊ ပဋိဝေဓအမြင် မြင်ပုံဘယ်နှစ်မျိုးရှိပါလိမ့်. . . (နှစ်မျိုးရှိပါတယ် ဘုရား)။

နှစ်မျိုးရှိတော့ အခုပြောတဲ့အတိုင်း ဒုက္ခချည်း ဆက်လာတာမြင်ရင် ဘယ့်နှယ်ဆိုကြမတုံး. . . (ပဋိဝေဓ အမြင်ပါဘုရား)။

## နိဗ္ဗာန်လိုချင်ရင် ဒါကိုမြင်အောင်လုပ်ပါ

ဒါဖြင့် ဒကာ ဒကာမတွေ နိဗ္ဗာန်လိုချင်လို့ရှိရင် ဒါမြင်အောင်လုပ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

နိဗ္ဗာန်လိုချင်ရင် . . . (ဒါပဲမြင်အောင်လုပ်ရမှာပါဘုရား)၊ ဒါကိုမြင်အောင်လုပ်ပါ၊ ဒါမမြင်ရင် နေရာကျပါ့မလား (မကျပါဘူးဘုရား)၊ မကျသေးဘူး။

ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခမြင်တော့ကို မြင်တဲ့ ပုဂ္ဂိုလ်ဟာ ဉာဏ်ဘယ်လိုတက်သွားမယ်ဆိုတာလည်း သတိထားပါဦးနော်။

ဉာဏ်ဘယ်လိုတတ်သွားမတုံးဆိုတော့၊ ဩော်. . . ငါကြည့်နေရတာ ဘာတွေကြည့်နေရပါလိမ့်မတုံးလို့ ကိုယ့်ဟာကိုယ် အကဲခတ်ကြည့်စမ်း. . . (ဒုက္ခတွေချည်းပါဘုရား)။

## ဒုက္ခတွေချည်းကြည့်နေရတယ်

ဒုက္ခတွေချည်းကြည့်နေရတယ်၊ ဒကာ ဒကာမတွေ ဘာတွေကြည့်နေလဲ . . . (ဒုက္ခတွေချည်းကြည့်နေတာပါဘုရား)။ ဒုက္ခတွေချည်း ကြည့်နေရတယ်ဆိုတာ သေချာပလား . . . (သေချာပါတယ်ဘုရား)။

ကြည့်ဖန်များနေတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် သစ်သီးတစ်ခုကို ဒါချည်းပဲ ရွေးစားနေရင်၊ ဒါချည်းပဲစားသုံးနေရတယ်ဆိုလို့ရှိရင်ဖြင့် မုန်းဦးမှာပဲ. . . (မုန်လှပါ)။

မုန်းပေဘူးလား. . . (မုန်းမှာပါဘုရား)၊ ဒါဖြင့် ဆက်ကြည့်စမ်း၊ မုန်းမှာပဲ . . . (မုန်ပါ့)၊ မုန်းပေဘူးလား. . .

(မှန်းပါတယ်ဘုရား)၊ ဆက်ကြည့်ရင်ဘာဖြစ်မယ်ထင်တုံး. . . (မှန်းပါတယ်ဘုရား)။

## ဒုက္ခကိုမှန်းလာတယ်

ဩော်. . . ဒါ ဘာမှန်းတာပါလိမ့် . . . (ဒုက္ခ မှန်းတာပါဘုရား)၊ ခုနတုန်းက ဒုက္ခသိတယ်၊ ခုဟာက. . . (ဒုက္ခ မှန်းတာပါဘုရား)။

ဒါဖြင့် ဉာဏ်ထဲမှာ ဖြည့်ပြီး တက်လိုက်စမ်းပါတဲ့၊ ကိုယ့်ဉာဏ် ဘယ်လိုဖြစ်လာမယ်ဆိုတာ အကဲခတ်ကြည့်စမ်းပါဦး မမှန်းဘူးလား၊ ဒီ ဒုက္ခကြီးနဲ့ဖြင့် ကင်းချင်တယ်၊ ဝေးချင်တယ်၊ မတွေ့ချင်တော့ဘူး၊ လာမလား၊ မလာဘူးလား. . . (လာပါတယ်ဘုရား)။

## မဂ်ဉာဏ်

အဲ့ဒါ ဘာဉာဏ်ခေါ်ကြမတုံး. . . (မဂ်ဉာဏ်ပါဘုရား) မဂ်ဉာဏ် ဒီဒုက္ခနဲ့ မတွေ့ချင်တာ ဘာဆိုကြမယ်. . . (မဂ်ဉာဏ်ပါဘုရား) ဒီဒုက္ခနဲ့ အိုးစားကွဲချင်တာ. . . (မဂ်ဉာဏ်ပါဘုရား)။

မဂ်ဉာဏ်လို့ ခင်ဗျားတို့က အိုးစားကွဲချင်တဲ့ဉာဏ်လည်း လာပါရော ဒကာ ဒကာမတို့နော် ဒီ ဒုက္ခတန်းကြီး တစ်တန်းလုံး

ဟာ ခန္ဓာတစ်တန်းထဲမှာ အကုန်ပျောက်သွားတယ် ရိပ်မိပလား (ရိပ်မိပါတယ်ဘုရား)။

ဦးဘတင် ဘာဖြစ်နေတုံး. . . (ခန္ဓာတစ်တန်းလုံး ပျောက်နေပါတယ်ဘုရား) ခန္ဓာတစ်တန်းလုံး ပျောက်နေတယ်၊ ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

## ဒုက္ခပျောက်သွားတယ်

ဘာပျောက်ပါလိမ့် . . . (ခန္ဓာတစ်တန်းလုံးပျောက်ပါတယ်ဘုရား)၊ ခန္ဓာတစ်တန်းလုံး ပျောက်တာလား ခင်ဗျားတို့ ရှုနေတဲ့ ဒုက္ခပျောက်တာလား. . . (ဒုက္ခပျောက်တာပါဘုရား)။

ဒါဖြင့် ဒီနေရာ ဘာရှိမတုံးတဲ့ ဒါမဂ္ဂင်ထားပါတော့၊ ဒီနားမှာ တစ်တန်းလုံပျောက်နေတယ်၊ ဒီနေရာမှာ ဘာရှိမယ် ထင်ကြတုံး. . . (နိရောဓသစ္စာပါဘုရား)။

## ဒုက္ခနိရောဓရှိတယ် နိဗ္ဗာန်မရှိဘူး

ဘာနိရောဓတုံး. . . (နိဗ္ဗာန်) မဟုတ်ဘူးတဲ့ ဒီဥစ္စာ၊ ဒုက္ခ နိရောဓရှိတယ်၊ နိဗ္ဗာန်မရှိဘူး၊ ဘာရှိတုံး. . . (ဒုက္ခ နိရောဓပါဘုရား)။

ဦးဘတင် မလွဲနဲ့နော် ဒီဥစ္စာ သိလွဲဖြစ်သွားတယ်၊ ဘာနိရောဓပါလိမ့်. . . (ဒုက္ခနိရောဓပါဘုရား)။

## အလွယ်ခေါ်တော့ နိဗ္ဗာန်ဖြစ်သွားတယ်

ဒုက္ခ နိရောဓကိုမှ စု ခေါ်လိုက်တဲ့အခါ အလွယ်ခေါ်လိုက်တဲ့အခါကျတော့ နိဗ္ဗာန် ဖြစ်သွားတယ်. . . (မှန်ပါ့) စင်စစ်ကတော့ ဒီလိုကော ဟုတ်ရဲ့လား. . . (မဟုတ်ပါဘူး ဘုရား)။

## စင်စစ်ကဒုက္ခနိရောဓ

စင်စစ်က ဘာပါလိမ့် . . . (ဒုက္ခနိရောဓပါဘုရား) ဒီလိုဆိုတော့ ယောဂီပုဂ္ဂိုလ်မှာ ဆုံးဖြတ်ချက် ချနိုင်တယ်၊ ငါမြင်တာ ပထမဟာ ဒုက္ခ၊ ခု ဒုက္ခမရှိဘူး. . . (မှန်ပါ့) မကွဲဘူးလား၊ ကွဲလား. . . (ကွဲပါတယ်ဘုရား)။

ဒီမြင်တာက . . . (ဒုက္ခ) ခု ရှာမတွေ့တာက. . . (ဒုက္ခနိရောဓ) ဒုက္ခနိရောဓ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒုက္ခက ဒုက္ခသစ္စာ၊ ဒုက္ခနိရောဓက . . . (နိရောဓသစ္စာ) နိရောဓသစ္စာ၊ ဒုက္ခက . . . (ဒုက္ခသစ္စာ) ရှင်းပလား (မှန်ပါ့)။

မတွေ့ချင်၊ မလိုချင်လို့ ချုပ်သွားတာကြီးက . . . (နိရောဓသစ္စာပါဘုရား) သာမညမဆိုနဲ့ . . . (ဒုက္ခနိရောဓပါဘုရား) ဒါမှ မှန်တယ် ပြောတာ။

သူမြင်တာက နဂိုက ဒုက္ခ၊ ဒုက္ခဖျောက်ပစ်လို့ရပါ မလား . . . (မရပါဘူးဘုရား) ရှင်းပလား. . . (ရှင်းပါပြီ ဘုရား) ဒါဖြင့် ဘယ့်နှယ်ဆိုကြမလဲ. . . (ဒုက္ခနိရောဓပါ ဘုရား)။

နဂိုက ဘာတွေမြင်နေတုံး. . . (ဒုက္ခအစု မြင်နေပါတယ်ဘုရား)၊ ဒုက္ခအစုတွေမြင်တယ်၊ သဘောကျပလား. . . (မှန်ပါ့)၊ ခုမလိုချင်တဲ့ ဉာဏ်လည်းလာပါရောတဲ့ မဂ္ဂင်ရှစ်ပါး မလိုချင်တဲ့ ပဋိဝေဓဉာဏ်လည်း လာပါရော ဦးခင်မောင် ဘာတွေသူမြင်ပါလိမ့်မတုံး. . . (ဒုက္ခနိရောဓမြင်ပါတယ်ဘုရား)။

## နိဗ္ဗာန်မြင်တယ်ဆိုရင်လွဲတယ်

ဒုက္ခနိရောဓကို သူသွားမြင်တယ်၊ ဒါ အမြင်မှန်ပဲတဲ့ နိဗ္ဗာန်မြင်တယ်ဆိုရင် လွဲတယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါတယ်ဘုရား)။

နဂိုက ဘာတွေ့ထားတုံး . . . (ဒုက္ခ တွေ့ထားပါတယ်ဘုရား)၊ နောက် ဦးခင်မောင်တို့က မလိုချင်ပါဘူးလို့ ဆိုတဲ့ဥစ္စာ ပေါ်လာတယ် . . . (မှန်လှပါ)။

ပေါ်လာတော့ သူဘာဖြစ်သွားတုံး . . . (ဒုက္ခနိရောဓဖြစ်သွားပါတယ်ဘုရား) မလိုချင်ပါဘူးလို့ဆိုတဲ့ဥစ္စာ ပေါ်လာတယ်. . . (မှန်လှပါ)။

ပေါ်လာတော့ သူဘာဖြစ်သွားတုံး . . . (ဒုက္ခ နိရောဓဖြစ်သွားပါတယ်ဘုရား)၊ မလိုချင်ပါဘူးဆိုတော့ ဒိဋ္ဌိ ရောပြီးကွာသွားတယ်၊ သက္ကာယဒိဋ္ဌိ၊ ဒိဋ္ဌိဆိုတာ လောဘပဲ မဟုတ်လား. . . (မှန်လှပါ)။

**သောမနဿ သဟဂုတ်ဒိဋ္ဌိဂတ သမ္ပယုတ္တံ** မလာဘူး လား . . . (လာပါတယ်ဘုရား)၊ အဲတော့ ဒိဋ္ဌိနဲ့ယှဉ်တဲ့ လောဘချုပ်သွားတော့ သူ့မလိုချင်တဲ့ဉာဏ်ဖြစ်လာတယ်. . . ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီမဂ္ဂင်ရှစ်ပါး ကလာလည်း လာပါရော၊ သူ့ရှေ့ကို မဂ္ဂင်ရှစ်ပါးက မင်းဘာများ မြင်နေသတုံး လို့ မဂ္ဂင်ကိုမေးကြည့်၊ ခင်ဗျားတို့က သူဘာမြင်တယ်ပြောလိမ့် မတုံး. . . (ဒုက္ခ နိရောဓပါဘုရား)၊ သဘောကျပလား. . . (မှန်ပါ)။

## ဒုက္ခနိရောဓမြင်မှုကိုက်တယ်

နိဗ္ဗာန် မြင်တယ်ဆိုရင် လွဲပါတယ်. . . (မှန်ပါ)၊ ဘာမြင်မှု ကိုက်မတုံး . . . (ဒုက္ခ နိရောဓမြင်မှု ကိုက်ပါတယ် ဘုရား)။

ဉာဏ်စဉ်နဲ့ ကိုက်ကြည့်ပါတဲ့ ဒကာ ဒကာမတွေ၊ ဉာဏ် စဉ်နဲ့ ကိုက်ကြည့်တဲ့အခါ၊ သူနဂိုက ဒုက္ခမြင်တဲ့ဉာဏ်နဲ့ လာခဲ့ တယ် (မှန်လှပါ) ဟုတ်လား. . . (မှန်လှပါ)။

နောက် သူမလိုချင်တဲ့အခါကျတော့ သူဘာဖြစ်သွားသတုံး. . . (ဒုက္ခ နိရောဓဖြစ်ပါတယ်ဘုရား)၊ ဒုက္ခနိရောဓ သူမြင်တယ် မင်းနိဗ္ဗာန်မြင်သလား၊ ဒုက္ခချုပ်တာကိုမြင်သလား၊ ဒုက္ခမရှိတာကိုမြင်သလားလို့ မေးရင် ဒီပုဂ္ဂိုလ်ကို အရင်မေးကြည့်. . . (ဒုက္ခမရှိတာကို မြင်ပါတယ်ဘုရား)။

ဘယ်သူ့ဒုက္ခမရှိတာ မင်းမြင်သတုံးလို့ တစ်ခါဆက်မေးဦး. . . ဘယ့်နှယ်ဖြေကြမတုံး. . . (ကိုယ့်ဒုက္ခ) ဒါဖြင့် ကိုယ့်ဒုက္ခချုပ်တာသည် ဘာခေါ်ကြမတုံး. . . (ကိုယ့်ဒုက္ခ နိရောဓပါဘုရား) ကိုယ့်ဒုက္ခ နိရောဓပဲ. . . (မှန်လှပါ) မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## ခန္ဓာပျောက်တာ

သူများ ဒုက္ခ နိရောဓလား၊ ကိုယ့်ဒုက္ခနိရောဓလား. . (ကိုယ့်ဒုက္ခနိရောဓပါဘုရား)။

ကိုယ့်ဒုက္ခနိရောဓဆိုသဖြင့် ဒကာ ဒကာမတို့ ဩော်- ခန္ဓာပျောက်တာပါလားလို့ မှတ်ရမယ်. . . (မှန်ပါ့) ဝိပဿနာ အဆုံးရောက်ပြီဆိုတော့ ဘယ့်နှယ်ဆိုကြမယ်. . . (ခန္ဓာအဆုံး ရောက်ပါပြီဘုရား)။

ဘာပြုလို့? ခန္ဓာပျောက်လို့ ခန္ဓာက ဒုက္ခကိုး၊ ခန္ဓာဒုက္ခ တွေ ဘာဖြစ်သွားတုံး. . . (ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီရှေ့နားမှာ ခု ရှိနေတာလေးဟာ ရှေ့နားမှာ အထည်ရှိသလား၊ အထည်မရှိဘူးလားဆိုတာ ခင်ဗျားတို့က အကဲခတ်ဦး။

## ဒုက္ခချုပ်သွားတော့အထည်ရှိသလား

ဒုက္ခချုပ်သွားတဲ့အခါမှာ အထည်ရှိသလား၊ မရှိဘူးလား. . . (မရှိပါဘူးဘုရား) အထည်ရှိ ပျက်ဦးမယ်နော်. . . (မှန်ပါ)။

ဒါကို သတိထား. . . (မှန်လှပါ) အထည်ရှိရင် (ပျက်ဦးမှာပါဘုရား) ကိုမြစိန် သဘောကျရဲ့လား. . . (မှန်ပါ) အထည်ရှိရင် (လက်ရှိအထည်ကိုဖြုတ်)။

အထည်ရှိရင်တော့ အိုတယ်၊ ဆွေးတယ်၊ ကုန်တယ်၊ ပျောက်တယ် . . . (မှန်ပါ) မလာဘူးလား. . . (လာပါတယ်ဘုရား)။

## နိဗ္ဗာန်ကိုကြိုက်မှကြိုက်ပါ့မလား

ဒါဖြင့် နိဗ္ဗာန်ဟာ အထည်ရှိသလားလို့မေးရင်. . . (မရှိပါဘူးဘုရား) ကြိုက်မှ ကြိုက်ပါ့မလား ဒီနေ့တရားတော့ တိုးတော့ တိုးလိုက်တယ်၊ ဟင် ကြိုက်မှ ကြိုက်ပါ့မလား. . . ဒကာ ဒကာမတွေနောက်များ ဆုတ်ကုန်မလားဆိုတာ မေးခွန်း

တော့ ထုတ်ရတော့မယ် မထုတ်သင့်ဘူးလား၊ ကဲ. . . (ထုတ်သင့်ပါတယ်ဘုရား)။

နိဗ္ဗာန်အထည် ရှိပါရဲ့လား ဒကာ ဒကာမတို့. . . (မရှိပါဘူးဘုရား)၊ ကဲ ဘယ်သူကဟောတုံး မေးတော့ "အနိမိတ္တ ပစ္စုပ္ပဋ္ဌာနံ" နိဗ္ဗာန်မြင်လို့ရှိရင်ဟော့တဲ့ လုံးရပ်သဏ္ဍာန် ပုံပြာန် နိမိတ်ကင်းဆိတ်တယ်။

## နိဗ္ဗာန်ဆိုတာ

လုံးရပ်လည်း မရှိဘူးတဲ့၊ ပုံပြာန်ပန်လည်းမရှိဘူးတဲ့၊ သဏ္ဍာန်လည်းမရှိဘူးတဲ့. . . (မှန်ပါ့) နိမိတ်လည်း မရှိဘူးတဲ့ နိဗ္ဗာန်ဆိုတာ လုံးရပ်သဏ္ဍာန်၊ ပုံပြာန်နိမိတ်ကင်းဆိတ်တာ၊ ဘာခေါ်ကြမယ်. . . (နိဗ္ဗာန်ပါဘုရား) ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

ဒါကြီး မလိုချင်လို့ မလိုချင်တဲ့ မဂ်ဉာဏ်လည်းလာပါရော ဒုက္ခတွေ ဘာဖြစ်သွားတုံး. . . (ချုပ်သွားပါတယ်ဘုရား)။

ချုပ်သွားတော့ သူ့နာမည်ပေးလိုက် . . . (ဒုက္ခနိရောဓပါဘုရား)၊ ဒါဖြင့် အထည်ရှိတာက ဒုက္ခ. . . (မှန်လှပါ) ရိုပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

**အထည်ရှိတာက. . .** (ဒုက္ခပါဘုရား) ဩော်. . .

အထည်မရှိလို့ ပျက်စရာမရှိတာက . . . (ဒုက္ခနိရောဓ) ဒုက္ခ နိရောဓ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘယ်များသွား နေပါလိမ့်မလဲ. . . (ဒုက္ခချုပ်ရာပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီ)။

## နိဗ္ဗာန်ကိုမကြိုက်မှာ ဘုန်းကြီးကစိုးရိမ်တယ်

ဒါဖြင့် ဒီလိုလုပ်ကြစို့ရဲ့၊ ခင်ဗျားတို့ နိဗ္ဗာန်မကြိုက်ပဲ နေမှာလည်း ဘုန်းကြီးက သိပ်စိုးရိမ်တယ် ဦးခင်မောင်ရဲ ဟင်း- အထည်မရှိဘူးဆိုတော့ ဒကာ ဒကာမတွေ ဘာစားမတုံးလို့ မေးချင်မေးမှာကိုး၊ ဟင်း-စားမယ့်လူလည်းမရှိ စားစရာလည်း မရှိဖြစ်နေတယ်၊ ဒီလိုမနေပေဘူးလား. . .။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊ နိဗ္ဗာန်ဟာ ရှိသလား၊ မရှိဘူးလားဆိုတော့၊ ဣတိဝုတ် ပါဠိတော် က ဣတိဝုတ်ဆိုတာက ဣတိ = ဤသို့၊ ဝုစ္စတိ = ဟော၏။

ဘယ်သူဟောတာတုံး . . . ငါဟောတာလို့ပြောတာ၊ ဣတိဝုတ်ဆိုတာ ဘယ့်နှယ်တဲ့တုံး. . . (ငါဟောတာလို့ ပြောတာပါဘုရား) ငါဟောတာလို့ ပြောတာ . . . သဘော ကျပလား. . . (မှန်ပါ့)။

## နိဗ္ဗာန်ရှိတယ်တဲ့

ဣတိဝုတ်ဆိုတဲ့ နာမည်က ဘာပါလိမ့်. . . (ငါဟောတာလို့ပြောတာပါဘုရား)။ ငါဟောတာလို့ဆိုတယ်၊ အဲဒီပါဠိတော်သွားကြည့်တော့ နိဗ္ဗာန်ရှိတယ်ကွတဲ့။

ဦးခင်မောင်ဘာတဲ့ . . . (နိဗ္ဗာန်ရှိပါတယ်ဘုရား) နိဗ္ဗာန်ရှိတယ်၊ ခု ဆရာဘုန်းကြီးက ဒုက္ခတွေချုပ်သွားတာပြလိုက်တဲ့ အခါကျတော့၊ ခင်ဗျားတို့ အမြင်က ဘယ့်နှယ်ဖြစ်နေတုံး၊ ကဲ-နိဗ္ဗာန်ရောက်နေတဲ့ ပုဂ္ဂိုလ်တွေပဲ ထားပါတော့၊ ဒါတွေဝမ်းထဲရောက်နေတဲ့ ပုဂ္ဂိုလ်တွေ။

ဘာတွေပျောက်သွားတုံး . . . (ဒုက္ခ တွေပျောက်သွားပါတယ်ဘုရား)။ အင်း . . . သူ့ဘာသစ္စာဆိုကြမတုံး. . . (ဒုက္ခနိရောဓသစ္စာပါဘုရား)၊ ဒုက္ခနိရောဓသစ္စာ။

ဒုက္ခနိရောဓသစ္စာဆိုတော့ ယခုပြောရိုးပြောစဉ် အတိုင်းပြောကြမယ်ဆိုလို့ရှိရင် နိဗ္ဗာန်၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## ရုပ်နာမ်အထည်မရှိဘူး

ကြည့်လိုက်တော့ အထည်မရှိဘူး. . . (မှန်လှပါဘုရား) ဘယ့်နှယ်ဆိုကြမတုံး. . . (အထည်မရှိပါဘူးဘုရား) အထည်မရှိဘူး။

ဒီ ရုပ်နာမ် အထည်မရှိဘူးဆိုတော့ ဒကာ ဒကာမတွေ သည်ကားလို့ ဆိုလို့ရှိရင်၊ ဒါဖြင့် တပည့်တော်တို့ နဂိုက လူကြီး များ ပြောသံကြားတဲ့ ဆေးလိပ်အခိုးလိုပျောက်သွားတာ ယူချင် ယူပစ်လိုက်မှာ. . . မယူပေဘူးလား. . . (ယူပါတယ်ဘုရား)။

ဆေးလိပ်အခိုးလိုပဲ ပျောက်ချင် ပျောက်သွားတယ်။ မယူပေဘူးလား. . . (ယူပါတယ်ဘုရား) ယူရင် အသေအချာ လွဲတယ် (မှန်လှပါ) အသေအချာလွဲတယ်။

ဒကာ ဒကာမတို့ ဆေးလိပ်ခိုးလိုပဲလားလို့ မေးတယ် (မဟုတ်ပါဘူးဘုရား)။ ဣတိဝုတ်ပါဠိတော်က ရှိတယ်လို့ ဟော တယ်။

ဘယ်လိုများ ဟောပါလိမ့်. . . (ရှိတယ်လို့ ဟောပါ တယ်ဘုရား)၊ ရှိတယ်လို့ ဟောတယ်တဲ့ အားလုံး ဒကာ ဒကာမ တွေ ဘုရားကဘယ်လိုဟောသတုံး . . . (ရှိတယ်လို့ ဟောပါ တယ်ဘုရား) ရှိတယ်။

## နိဗ္ဗာန်ဟောရမှာ ဝန်လေးတယ်

ဒါဖြင့် ဘုန်းကြီးက ဥပမာ ပြမယ်ပေါ့၊ ဘုန်းကြီးက ဥပမာပြပေါ့မယ် ဒကာ ဒကာမတွေနားလည်အောင်၊ ခင်ဗျားတို့ နိဗ္ဗာန်ဟောရမယ်ဆိုရင် ဘုန်းကြီးများလည်း အတော်ဝန်လေး ပါတယ်။

ဦးဘလေး. . . (မှန်ပါ့) တော်တော်ဝန်လေးတယ်၊ ဘာဖြစ်လို့ ဝန်လေးသတုံးဆိုတော့ ရောက်လည်းရောက်စေ ချင်တယ်၊ သေသေချာချာ သူတို့ မကြိုက်မှာလည်းစိုးရတယ် (မှန်ပါ့)။

## ဒုက္ခတွေငြိမ်းစေချင်တယ်

စေတနာက အဲဒီလို ဖြစ်နေတယ်. . . (မှန်ပါ့) မပြော ထိုက်ဖူးလား. . . (ပြောထိုက်ပါတယ်ဘုရား) ခင်ဗျားတို့ ဒုက္ခတွေငြိမ်းစေချင်တယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)။

ကောင်းပြီ ငြိမ်းချင်သလို မကြိုက်မှာစိုးရိမ်တယ်။ ဒီကြားထဲမှာ သွားနေတယ်၊ ဒုက္ခလည်း ဆရာဘုန်းကြီးက ဘာတုံး (ငြိမ်းစေချင်ပါတယ်ဘုရား)။

## မကြိုက်မှာလည်း စိုးရိမ်တယ်

ငြိမ်းတာ ကြိုက်လိုက်ရင်လည်း မကြိုက်မှာလည်းစိုး တယ်. . . (မှန်ပါ့) ဘယ်လောက် အဟောကပ်တုံး. . . မကပ်ဖူးလား ဒကာ ဒကာမတို့. . . (ကပ်ပါတယ်ဘုရား)။

ခုနက သုတ္တန်ထဲကလို မင်း နိဗ္ဗာန် ရောက်လိမ့်မယ် ကွ၊ နိဗ္ဗာန်ရောက်လို့ရှိရင် အိုဘေး၊ နာဘေး၊ သေဘေး၊ ကင်း

တယ်လို့ ပြောရတာကတော့ အရေးမကြီးပါဘူး၊ သူ့ဟာသူ မှန်းမျှော်မှာကိုးဗျ။

ခုဟာက လက်တွေ့ပြရမှာ . . . (မှန်ပါ့) နဂိုက ဒုက္ခ ချုပ်တာ လက်တွေ့ ပြထားပြီကောဗျ. . . (မှန်လှပါ) မပြ သေးဘူးလား. . . (ပြပါတယ်ဘုရား)။

နဂိုက ရှေးအမှတ်မှာ ဒုက္ခတွေ ဒုက္ခတွေချည်းပဲမြင်နေ တယ်. . . (မှန်ပါ့)ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခတွေချည်းပဲမြင်နေတယ်။

## ဒုက္ခတွေချုပ်တော့မဂ်ပေါ်တယ်

မြင်ရက်ကနေပြီး ဖျပ်ဆို ဒါဖြင့် မလိုချင်ပါဘူးဆိုတော့ မဂ်ကပေါ်လာတယ် . . . (တင်ပါ့) မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာသည်နဲ့ တစ်ပြိုင်နက်တည်း ဒါတွေက ဘာဖြစ် သွားတုံး. . . (ချုပ်သွားပါတယ်ဘုရား) ချုပ်သွားတော့ ဒီနေရာ ဘာကျန်ရစ်သတုံးလို့မေးတော့ ဘာမှမကျန်ရစ်ဘူး ဘုရား၊ ဒုက္ခချုပ်သွားတာရှိတာပဲ။

ဦးခင်မောင် . . . (မှန်လှပါ) ဦးဘလေး ဘယ့်နှယ် ဖြေမတုံး. . . (ဒုက္ခချုပ်သွားတာပါဘုရား)။

ဒုက္ခတွေတော့ ချုပ်သွားတာ ရှိတာပဲဘုရား၊ တပည့် တော်တို့ဖြင့် ဒီလို ဒီနေရာကို ရောက်ရမှာ တပည့်တော် မုချ

မကြိုက်ဘူး. . . မရှိတဲ့နေရာ ရောက်ရမှာကို၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

အဲဒီတော့မှ ခင်ဗျားတို့က ဉာဏ်ကမပါသေးတော့ ဘုန်းကြီးက ရှင်းပြောရတယ်၊ ဒေါ်ရီတို့ ကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား)။

## မဂ္ဂင်သည်နာမ်တရား

ဒါဟာ ဒါဘယ်သူတုံးမေး ဒါမေးမှ ရှင်းမှာ. . . (မှန်ပါ့)၊ ဒါမေး . . . မဂ္ဂင် မဂ္ဂင်ဟာ နာမ်လား ရုပ်လားလို့မေး (နာမ်တရားပါဘုရား) နာမ်တရား။

ကောင်းပြီ မဂ္ဂင်သည် ခင်ဗျားတို့ သန္တာန် ဒီလိုရှစ်ပါး ရှေးက ဖြစ်ဖူးရဲ့လားလို့မေး. . . (မဖြစ်ဖူးပါဘူးဘုရား)။

အင်း ဘယ်အချိန်မှ သူဖြစ်လာတုံး . . . (ဒုက္ခနိရောဓ) ဒုက္ခနိရောဓကိုပေါ်တဲ့အချိန်မှာ သူဖြစ်တယ်. . . (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## နိဗ္ဗာန်ဘယ်အချိန်ပေါ်လဲ

သူ ဘယ်အချိန်ပေါ်ပါလိမ့်. . . (ဒုက္ခ နိရောဓ အချိန်မှာ ပေါ်ပါတယ် ဘုရား)။ ဒုက္ခနိရောဓမြင်တဲ့အချိန်မှ သူပေါ်တာ (မှန်ပါ) နဂိုက ပေါ်နှင့်တဲ့တရားလား. . . (မပေါ် ပါဘူးဘုရား)။

ဒါဖြင့် နိဗ္ဗာန် မဂ္ဂသိကိုးဗျ ဘုရားက ပဋ္ဌာန်း၊ ပါဠိတော်က . . . (မှန်ပါ့) နိဗ္ဗာန် ဖလသိ၊ နိဗ္ဗာန် ပစ္စဝေက္ခဏသိ အာရမ္မဏပစ္စယေန ပစ္စယောတဲ့ အာရမ္မဏပစ္စည်းဆိုတာ ရှိတယ်။

အာရမ္မဏပစ္စည်းလည်းဟုတ်တယ်တဲ့၊ အတ္ထိလည်း ဟုတ်တယ် သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## အာရုံအဖြစ်နဲ့ရှိတယ်

ဒကာ ဒကာမတို့ ပဋ္ဌာန်းရတယ်မို့လား. . . (မှန်ပါ့)၊ အာရမ္မဏပစ္စယော . . . (တင်ပါ့) အာရုံရှိတယ်၊ သဘောကျပလား. . . (တင်ပါ့ဘုရား)။

အတ္ထိပစ္စယော ရှိတယ်ကွ၊ ဘယ်လိုဆိုကြမတုံး ဒီနှစ်ခု မှတ်ထားလိုက်စမ်း၊ ပထမပစ္စည်းဘာပါလိမ့်. . . (အာရမ္မဏ ပစ္စယော) နောက်ပစ္စည်းက . . . (အတ္ထိပစ္စယောပါဘုရား) အဲဒါ နိဗ္ဗာန်ကွ။

## တကယ်တမ်းရှိတယ်

အာရုံအဖြစ်နဲ့လည်းရှိတယ်၊ တကယ်တမ်းလည်း ရှိ တယ်၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား) အာရုံပြုကြည့် ရင်ဘာတဲ့. . . (ရှိပါတယ်ဘုရား) ရှိတယ်။

ရှိတာကိုး ဒီမင်္ဂက မမြင်ဘူးလား . . . (မြင်ပါတယ်ဘုရား)၊ မြင်ရတယ်၊ သူဘာမြင်သတုံးမေးတော့၊ ဩော်-ဒီခုငါမြင်တဲ့သဘောဟာတော့ဖြင့် ဒုက္ခမရှိတဲ့သဘောမြင်တာပဲလို့ သူမပြောပေဘူးလား. . . (ပြောပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခရှိတဲ့သဘောနဲ့ ဒုက္ခမရှိတဲ့သဘော ခွဲပြီးသူသိတယ်. . . (မှန်ပါ့) သဘောကျပလား. . . (မှန်ပါ့)။

အရင် မဂ္ဂင်ငါးပါးတုန်းကတော့ ဒုက္ခရှိတဲ့သဘောသာ သူသိတယ်၊ မဂ္ဂင်ငါးပါးက နိဗ္ဗာန်မတွေ့သေးပဲကိုး. . . (မှန်ပါ့)တွေ့ပလား. . . (မတွေ့ပါဘူးဘုရား)။

နောက်ကျတော့ ဒါကြီး ရှေ့က ဒုက္ခတွေမလိုချင်ပော့ပါဘူး၊ မလိုချင်တော့ပါဘူးလို့ဆိုတဲ့အခါကျတော့ မလိုချင်တော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့မဂ္ဂင်က သုံးပါးဝင်လာတယ်။

မဝင်ဘူးလား. . . (ဝင်ပါတယ်ဘုရား) အဲတော့ သူ့အမြင်က ဘယ်လိုမြင်ပါလိမ့်မတုံး ဒကာ ဒကာမတွေ အကဲခတ်စမ်း။

## ဒုက္ခမရှိတဲ့သဘောမြင်တယ်

ဒါဖြင့် ဒုက္ခချုပ်တာ သူမြင်လိုက်တယ်၊ သဘောကျပလား. . . (မှန်ပါ့) ဦးခင်မောင် ဘာမြင်ပါလိမ့်. . . (ဒုက္ခချုပ်တာသူမြင်ပါတယ်ဘုရား)။

ဩော်. . . ဒီနေရာက ဘာနေရာပါလိမ့်မတုံးလို့ သူ့မေးကြည့်တော့ သူဘယ်လိုပြောတုံး. . . (ဒုက္ခနိရောဓပ္ပါဘုရား)။

ဩော်-အရင် သူ့ရှေ့ရောက်နေတာတွေက . . . (ဒုက္ခပါဘုရား) အရင် သူ့ရှေ့ရောက်တာက ဒုက္ခ၊ ခုသူ့ရှေ့ရောက်တာက (ဒုက္ခနိရောဓ) ဒုက္ခမရှိတာ ရောက်နေတယ် (မှန်လှပါ)။

ဒါဖြင့် သူ့ကျမှ ခင်ဗျားတို့ ပိုရှင်းမယ်. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား) ဘယ်လိုရှင်းပါလိမ့်. . . (ဒုက္ခချုပ်ရာ နိရောဓပါဘုရား)။

သူ့အမြင်က နဂိုတုန်းက မဂ္ဂင်ငါးပါးက ဘာတွေချည့်မြင်နေတုံး. . . (ဒုက္ခတွေချည်း မြင်နေပါတယ်ဘုရား)။

ဩော်- နောက်ကျတော့ ဒီဉာဏ်က ထက်လာတဲ့အခါကျတော့ ဒီဒုက္ခတွေကိုကော မလိုချင်တော့ပါဘူးလို့ဆိုတော့ မဂ္ဂင်က ဘယ်နှစ်ပါးပြည့်တုံး. . . (ရှစ်ပါးပြည့်ပါတယ်ဘုရား)။

သုံးပါးဖြည့်လိုက်တော့ ရှစ်ပါးပြည့်တယ်. . . (မှန်ပါ)၊ ကောင်းပြီ ဒါဖြင့် ရှစ်ပါးပြည့်တဲ့ အချိန်ကျတော့ သူ့အမြင်က ဘာတွေမြင်နေသတုံး. . . (ဒုက္ခချုပ်တာတွေ မြင်နေပါတယ်ဘုရား)။

## နိဗ္ဗာန်ဆိုတာဘာပါလိမ့်မတုံး

ဒုက္ခချုပ်တာကိုမြင်တယ်၊ ဒါဖြင့် သူဟာ ဒုက္ခချုပ်တာသာ မြင်တာဗျ ဟုတ်ပလား. . . (မှန်ပါ့)၊ ဒုက္ခမရှိတာသာ မှတ်ပါတဲ့. . . နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မတုံးလို့မေးလို့ရှိရင် ဖြင့်၊ သူ့အမြင်ကဖြင့် ဒုက္ခမရှိတာချည့် သူမြင်နေတယ်။

ဒါဖြင့် မြင်တယ်ဆိုရင် ဒီမယ် ကြည့်နေရမယ် (မှန်ပါ့)၊ သဘောကျပလား. . . (မှန်ပါ့) မြင်တယ်ဆိုရင် ဘယ့်နှယ်တုံး . . . (ကြည့်နေရမှာပါဘုရား)။

ဘာရှိနေတုံး . . . (ဒုက္ခချုပ်တာရှိနေပါတယ်ဘုရား) ဒုက္ခချုပ်တာ တစ်ခုရှိနေမယ်. . . (မှန်ပါ့) ဒုက္ခချုပ်တာတစ်ခု ရှိနေမယ် ဒုက္ခချုပ်တာတစ်ခုရှိတယ်။

နဂိုက ဘာရှိတုံး. . . (ဒုက္ခအစုပါဘုရား) အခု သူမြင့်တာက. . . (ဒုက္ခချုပ်တာ တစ်ခုမြင်ပါတယ်ဘုရား) ဒုက္ခချုပ်တာ တစ်ခုရှိတာ သူ့မြင်တာ. . . (မှန်ပါ့)။

## မဂ္ဂင်ရှစ်ပါးပြည့်တော့

နဂိုအမြင်က ဒုက္ခကိုမြင်တာ. . . (မှန်ပါ့) နောက် မဂ္ဂင်ရှစ်ပါးပြည့်တော့ ဘာမြင်ပါလိမ့်. . . (ဒုက္ခချုပ်တာကို မြင်ပါတယ်ဘုရား)။

ဒါ ရှိလို့မြင်တာလား၊ မရှိပဲနဲ့မြင်တာလား. . . (ရှိလို့မြင်တာပါဘုရား) ဒါဖြင့် နိဗ္ဗာန်ဟာ အတ္တိပစ္စည်း. . . (မှန်ပါ့)။

နိဗ္ဗာန်ဟာ အတ္ထိထဲကပဲ. . . (မှန်ပါ့) သဘောကျ ပလား (မှန်ပါ့)၊ နိဗ္ဗာန်ဟာ ဘာပါလိမ့်. . . (အတ္ထိထဲကပါ ဘုရား)။

နိဗ္ဗာန်ဟာ ဘာပါလိမ့်. . . (အတ္ထိပါဘုရား) ကြော်-ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့တရားဟာ ရှိတဲ့တရားပါလား. . . (မှန်ပါ့)။

ဒါဖြင့် ဘယ်အချိန် တပည့်တော်တို့တတွေ တွေ့ရမှာလဲဆိုရင် ဒကာဒကာမတွေ ရှုစ်ပါးကို ပြည့်အောင်လုပ်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## ဆင်းရဲကင်းတာမြင်ရမယ်

ဘာပြည့်အောင် လုပ်ရမှာတုံး . . . (ရှစ်ပါးပြည့်အောင် လုပ်ရမှာပါဘုရား) ရှစ်ပါးပြည့်အောင်လုပ်လို့ရှိရင်ဖြင့် ဆင်းရဲကင်းတာ မြင်တော့မှာပဲ. . . (မှန်ပါ့)။

ရှစ်ပါး မရှိသေးတဲ့ ပုဂ္ဂိုလ်ကဖြင့် ဆင်းရဲကင်းတာမမြင်ရသေးတဲ့အတွက် ဒကာ ဒကာမတို့ နိဗ္ဗာန်မကြိုက်သေးဘူး (မှန်ပါ့) သဘောကျပလား . . . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ တာဝန်က ဘာပါလိမ့်မတုံး. . . ရှိတာ၊ မရှိတာသိဖို့ အရေးကြီးနေတယ် (မှန်ပါ့)။

ဒုက္ခရှိလို့ရှိရင် သုခဟာ ဘယ့်နှယ်တုံး. . . (ရှိပါတယ် ဘုရား) ရှိရမယ်၊ နို့-တပည့်တော်တို့ ဘာလို့မတွေ့တုံး၊ ဟောဒီက မဂ္ဂင်ရှစ်ပါး မပြည့်လို့ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဘာမပြည့်သေးတာပါလိမ့် . . . (မဂ္ဂင်ရှစ်ပါးမပြည့်သေးတာပါဘုရား)၊ မဂ္ဂင်ရှစ်ပါးပြည့်လို့ရှိရင် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘာတွေ တွေ့ရမယ်ထင်တုံး. . . (ဒုက္ခ နိရောဓပါ ဘုရား)။

ကဲ. . . ကဲ ဒီလိုဆိုကြပါစို့၊ ခင်ဗျားတို့ အကြိုက်အတိုင်းနဲ့ ပြောရမယ်ဆိုရင် ဒုက္ခမရှိတာ တွေ့ရလိမ့်မယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ပုထုဇဉ်တုန်းက ဘာတွေတွေ့နေတုံး

ဘာတွေ့ရမတုံး. . . (ဒုက္ခမရှိတာ တွေ့ရမှာပါဘုရား) အင်း-ဒီပုဂ္ဂိုလ်ပဲ ပုထုဇဉ်တုန်းက ဘာတွေတွေ့နေတုံး. . . (ဒုက္ခအစုပါဘုရား)။

အင်း တစ်ခါတည်း ခုတော့ ဘယ်လိုသက်ဝင်ပါတုံး၊ ဘာတွေများ တွေ့ပါတုံး. . . (ဒုက္ခချုပ်တာ တွေ့ပါတယ် ဘုရား)။

အင်း ဒါဖြင့် သူပြောတာလည်း ယုံပါတော့၊ ပုထုဇဉ်ပြောတဲ့ မဂ္ဂင်ငါးပါးက ပြောတာလည်း ယုံပါတော့. . . (မှန်ပါ့)။

မဂ္ဂင်ငါးပါးက ဘာရှိတယ်ပြောတုံး. . . (ဒုက္ခအစု ရှိတယ်လို့ပြောပါတယ်ဘုရား) မဂ္ဂင်ရှစ်ပါးက ဘာပြောတုံး. . . (ဒုက္ခမရှိတာ ပြောပါတယ်ဘုရား) ဒုက္ခမရှိဘူးလို့ ပြောတယ်။

ဒါဖြင့် ဒီယောဂီဟာ နဂိုက ခုနက ခွဲတာ ပြန်ခွဲလိုက် ဦးခင်မောင်တို့ကနော် . . . (မှန်လှပါ) အနုဗောဓဉာဏ်နဲ့ တုန်းက ဒုက္ခတွေ့တယ်. . . (တွေ့ပါတယ်ဘုရား)။

ဒါ ချုပ်ရင် နိဗ္ဗာန်လို့ သူနဂိုတုန်းက နှစ်ချက်သိထား တယ်. . . (မှန်ပါ့ဘုရား) သို့သော် သူချုပ်တာ မမြင်သေးဘူး (မှန်ပါ့) မြင်ပလား. . . (မမြင်သေးပါဘူးဘုရား)။

## အနုဗောဓဉာဏ်တုန်းကမမြင်သေးဘူး

အနုဗောဓဉာဏ်တုန်းကလေ. . . (တင်ပါ့)၊မမြင်သေး တော့၊ သူ ဒုက္ခသာ တွေ့ရတယ်၊ နိဗ္ဗာန်ကျတော့ မှန်းပြီးတော့ သိတယ်. . . (မှန်ပါ့)။

နိဗ္ဗာန်ကျတော့ သူဘယ်လိုသိပါလိမ့် . . . (မှန်းပြီး တော့ သိပါတယ်ဘုရား) ဪ သူကနှစ်ချက်တော့ သိတော့ သိတယ်၊ သိပေမယ့် တကယ်သိတာက ဒုက္ခသိ၊ ဟိုဟာက မှန်းသိ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## မဂ္ဂင်ရှစ်ပါးပြည့်သွားတော့ဘာတွေ့သတုံး

ဒါ မဂ္ဂင်ရှစ်ပါးပြည့်သွားတော့ ဦးခင်မောင် ဘယ့်နှယ် ဆိုမယ် (ဒုက္ခချုပ်ပါတယ်ဘုရား) ဒုက္ခချုပ်တာလည်းသိတယ်၊ မသိဘူးလား (သိပါတယ်ဘုရား)။

ဒုက္ခချုပ်တာသိတော့ ဒီပုဂ္ဂိုလ်ကို သူ့မေးကြည့်၊ ခင်ဗျား ဘာတွေ့သတုံးလို့ မေးကြည့် . . . (ဒုက္ခမရှိတာတွေ့ပါတယ် ဘုရား)။ ဒုက္ခမရှိတာကို ကျုပ်တွေ့တယ်။

ဒါဖြင့် လက်ဝတ်လက်စားတစ်ခုမှာ၊ အင်း ဒီလက်ဝတ် လက်စားသည်ကားလို့ဆိုရင်၊ ပထမ ချေးတွေ ညှိတွေ တက်နေ တာတွေ့တယ်၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

နောက်ကျတော့ ပွတ်ပါများတော့ ပြောင်တဲ့အခါကျ တော့ကို ချေးညှော်တွေမရှိတာ တွေ့တယ်၊ မပြောပေဘူးလား (ပြောပါတယ်ဘုရား)။

ဒါဖြင့် ဘာကွာသတုံးလို့မေးရင် ဘယ့်နှယ်ပြောကြ မတုံး . . . (ချေးညှော်မရှိတာကွာပါတယ်ဘုရား) အဲ ချေးညှော်ရှိတာနဲ့ မရှိတာပဲကွာတယ်။

## နိဗ္ဗာန်မကြိုက်တာဘယ့်နှယ်ကြောင့် ?

ရှိတော့ ရှိတာချည့်ပဲ. . . (မှန်ပါ့) ရှေ့က အာရုံအဖြစ် နဲ့တော့. . . (ရှိပါတယ်ဘုရား)၊ ရှိတာချည့်ပဲ။ သို့သော်

ဘယ့်နှယ်ကြောင့် ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန် မကြိုက်နိုင်သေးသတုံး မေးတဲ့အခါကျတော့မှ ရှစ်ပါးမပြည့်လို့ မကြိုက်တာ. . . ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

နိဗ္ဗာန်မကြိုက်တာ. . . ဘယ့်နှယ်ကြောင့်. . . (ရှစ်ပါး မပြည့်သေးလို့ပါဘုရား)။ ရှစ်ပါးပြည့်ရင် ဘယ့်နှယ်တုံး . . . (ကြိုက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်လိုမှ စိတ်ကူးမလွဲနဲ့၊ ရှစ်ပါးပြည့် အောင် အရင်စမ်းလိုက်. . . (မှန်ပါ့) ဟင် ဘယ့်နှယ်ဆိုကြ မတုံး. . . (ရှစ်ပါးပြည့်အောင် အရင်စမ်းရမှာပါဘုရား)။

ရှစ်ပါးပြည့်အောင် အရင်စမ်းရလိမ့်မယ်နော်. . . (မှန်ပါ့) စမ်းလိုက်လို့ရှိရင်တော့ဖြင့်၊ ခင်ဗျားတို့ ပြန်နိုင်သေးရဲ့ လား. . . (မပြန်နိုင်ပါဘူးဘုရား)။

## ဆပြီးသိတာတစ်မျိုး

မပြန်နိုင်တော့ဘူး အဲဒီကျတော့၊ ဒါဖြင့် ပုထုဇဉ်ဉာဏ် ဟာ ဆပြီးသိတာပေါ်ပလား . . . (မှန်ပါ့)၊ အရိယာဉာဏ်က မျက်မှောက်ပြုတာ၊ ဆသိနဲ့ ပစ္စက္ခသိ . . . (မှန်ပါ့)၊ နှစ်မျိုးစွဲ လိုက်ပါတယ် . . . (မှန်ပါ့)။

## ကိုယ်တိုင်သိတာတစ်မျိုး

သိတာက နှစ်မျိုး၊ ဟုတ်လား ကိုယ်တိုင်သိက . . . (တစ်မျိုးပါဘုရား)၊ ဆသိက . . . (တစ်မျိုးပါဘုရား)၊ ကိုယ်တိုင်သိက . . . (တစ်မျိုးပါဘုရား)။

ဒါဖြင့် ဆသိက အနုဗောဓဉာဏ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (မှန်ပါ့)၊ ကိုယ်တိုင်သိက . . . (ပဋိဝေဓဉာဏ်ပါဘုရား)။

## ကိုယ်တိုင်သိကပဋိဝေဓဉာဏ်

ဆ သိက . . . (အနုဗောဓ) အနုဗောဓ ပုထုဇဉ်ဉာဏ် ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊ ကိုယ်တိုင်သိက . . . (မဂ်ဉာဏ်)၊ မဂ်ဉာဏ် ပဋိဝေဓဉာဏ်လို့ ဆိုဆို၊ မဂ်ဉာဏ်လို့ ဆိုဆို . . . (မှန်ပါ့)။

အဲဒီ ပုဂ္ဂိုလ်သွားမေးတဲ့အခါကျတော့ ကိုယ်ကိုယ်တိုင် ရောက်လို့ရှိရင်လည်း ကိုယ်ကိုယ်တိုင် နိဗ္ဗာန်မြင်ရမှာပဲ . . . (မှန်ပါ့)၊ မဟုတ်ဘူးလား။

သူတစ်ပါးရောက်တာ မပြန်ချင်တဲ့သဘော ထောက်ပြန် တော့လည်း ဒါရှိတာ သေချာတာပဲ . . . (မှန်ပါ့)၊ မဆို နိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဦးခင်မောင် မေးကြစို့၊ ဥပမာ ကိုမြစိန်မေးပါတော့၊ ဦးမြစိန် တစ်ကိုယ်လုံးကျောက်တွေ ပေါက်နေတယ်၊ အပ်ချစရာမရှိဘူး . . . (မှန်လှပါ)။

ကိုမြစိန် ဘာအလိုရှိတုံးမေးရင် ဘယ့်နှယ်ဖြေပါ့မတုံး . . . (ပျောက်ချင်ပါတယ်ဘုရား)၊ ပျောက်ချင်တာပဲလို့ ဖြေ . . . (မှန်ပါ့)၊ သဘောကျပလား။

ဘာအလိုရှိတုံး . . . (ပျောက်ချင်တာ အလိုရှိပါတယ် ဘုရား)၊ နောက်က ဒကာ ဒကာမတွေ ဘာအလိုရှိတုံး . . . (ပျောက်ချင်တာပဲ အလိုရှိပါတယ်ဘုရား)၊ ပျောက်ချင် တာပဲ အလိုရှိတယ်။

ကိုင်း. . ဘုန်းကြီးတို့ စေတနာ မေတ္တာနဲ့ ဆေးကောင်း ဝါးကောင်းနဲ့ ကုလိုက်တယ်၊ တစ်ခါတည်း စင်ကြယ်သွားတယ်၊ စင်ကြယ်သွားတော့ သွားမေးတဲ့အခါ ဘယ့်နှယ်နေတုံး မေးတော့ ဘယ့်နှယ်ပြောမတုံး . . . (မရှိလို့ဘုရား)၊ မရှိလို့ ဘုရား . . . (မှန်ပ့ါ)။

## အနာပျောက်သွားပြီ

မရှိတော့ဘူး ပျောက်သွားပြီ . . . (မှန်လှပါ)၊ ဘာ ပျောက်တာတုံး မေးလို့ရှိရင် အနာပျောက်တာ . . . (မှန်လှပါ)၊ အထည်ရှိ၊ မရှိ . . . (ရှိပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာလည်း ရှိတာပဲတဲ့ အနာဒုက္ခ အနာသာ ပျောက်သွားတာ . . . (မှန်ပ့ါ)၊ ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

ဘယ့်နှယ် မှတ်ကြမတုံး . . . (ဒုက္ခ အနာပျောက်သွား ပါတယ်ဘုရား)၊ အထည်ကတော့ . . . (ရှိပါတယ်ဘုရား)။

အဲ နိဗ္ဗာန်သည် ဒါကြောင့် **အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ** ဆိုပြီး ဣတိဝုတ် ပါဠိတော်က အသေအချာ ဟောတယ်၊ သဘောကျပလား . . . (မှန်ပ့ါ)၊ နိဗ္ဗာန်ဟာ ရှိတယ်နော် . . . (မှန်ပ့ါ)။

ဘယ်လို ရှိတာတုံးမေးတော့၊ အနာမရှိဘဲနဲ့ပင်ကိုယ် ကောင်းနေတာရှိတာ၊ ခန္ဓာက အနာရှိတဲ့ သဘောနဲ့ ရှိတာ . . . (တင်ပ့ါ)။

## နိဗ္ဗာန်ကအနာမရှိဘဲနဲ့ရှိတာ

နိဗ္ဗာန်က . . .(အနာမရှိဘဲနဲ့ပင်ကိုယ်ကောင်းတာပါ ဘုရား)၊ အနာမရှိပဲနဲ့ရှိတာ သဘောကျပလား . . . (မှန်ပ့ါ)။

ခန္ဓာကကော့ ဘယ်လိုဆိုကြမတုံး . . . (အနာရှိ ပါတယ်ဘုရား)၊ အဲ ဒုက္ခအနာကြီးလို့ ဘုရားက နေရာတိုင်း မှာ ဒုက္ခအနာလို့ ဟောလေ့ရှိတယ်၊ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒီမင်္ဂနဲ့မြင်တဲ့ အမြင်က ဘယ်လိုမြင်ပါလိမ့် အနာမရှိတာမြင်တယ် . . . (မှန်ပါ့)၊ ဒီ အနုဗောဓဉာဏ် အမြင်က ဘာပါလိမ့် . . . (အနာရှိတာမြင်ပါတယ်ဘုရား)၊ အနာရှိတာမြင်တယ်။

အနာရှိတဲ့ ဒုက္ခကိုမြင်တယ်၊ သူက ဘာမြင်ပါလိမ့် . . (အနာရှိတာကို မြင်ပါတယ်ဘုရား)။

ဒါဖြင့် အထည်မရှိဘူးလို့တော့ ဆိုလို့ရရဲ့လား . . . (မရပါဘူးဘုရား)၊ အင်း တစ်မျိုးအထည်တော့ ရှိတယ်၊ သေချာ ပလား . . . (မှန်ပါ့)။

## ခန္ဓာအထည်ဆိုရင်ဒုက္ခ

ခန္ဓာ အထည်မရှိဘူး . . . (မှန်ပါ့)၊ ခန္ဓာအထည်ဆိုရင် တော့ ဒုက္ခကိုးဗျ . . . (မှန်ပါ့)၊ ခန္ဓာအထည်ဆိုတော့ ဘယ့်နှယ် ဆိုကြမတုံး . . . (ဒုက္ခပါဘုရား)။

ဒါဖြင့် ဒုက္ခခန္ဓာမရှိဘူးကွ . . . (မှန်ပါ့)၊ သုခတော့ ရှိတယ်၊ ခန္ဓာတော့ သွားမထည့်နဲ့ . . . (မှန်ပါ့)၊ ခန္ဓာထည့်ရင် သူက ဝင်တိုးတာ . . . (မှန်ပါ့)။

## သုခသက်သက်ရှိတယ်

ဘယ့်နှယ်ဆိုကြမတုံး . . . (သုခပဲ ရှိပါတယ်)၊ သုခသက်သက်ရှိတယ်ပော့ . . . (မှန်ပါ့)၊ ဒုက္ခတော့ဖြင့် . . . (မရှိပါဘူးဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်သည် ခင်ဗျားတို့ အနုဗောဓဉာဏ်ကနေစတက် သဘောကျပလား . . . (မှန်ပါ့)။

ပြီးတော့ ဘယ်ကျအောင် တက်ရမတုံး . . . (ပဋိဝေဓရောက်အောင်ပါဘုရား)၊ ပဋိဝေဓဆိုတဲ့ ရှစ်ပါးပြည့်အောင်တက်၊ တက်သည်နဲ့ တစ်ပြိုင်နက်တည်း ဒုက္ခချုပ်၊ မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား)။

ချုပ်သည်နဲ့ တစ်ပြိုင်နက်တည်း ဒုက္ခနိရောဓကော တွေ့လား မတွေ့ဘူးလား . . . (တွေ့ပါတယ်ဘုရား)။

## နိရောဓမျက်မှောက်ပြုတယ်

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ မဂ္ဂင်ရှစ်ပါးပြည့်တဲ့ အခါကျလို့ရှိရင်ဖြင့်၊ ဒုက္ခလည်း ပိုင်းခြားနိုင်တယ်၊ နိရောဓကော (ပိုင်းခြားနိုင်ပါတယ်ဘုရား)၊ မျက်မှောက်ပြုတယ် . . . (မျက်မှောက်ပြုပါတယ်ဘုရား)။

ဒုက္ခကိုကော . . . (ပိုင်ခြားပါတယ်ဘုရား)၊ နိရောဓကျတော့ . . . (မျက်မှောက်ပြုပါတယ်ဘုရား)။

အဲ . . သူဘယ့်နှယ်ကြောင့် မျက်မှောက်ပြုပြီး မြင်ပါလိမ့်မတုံးဆိုတော့၊ ဒီဘက်က ခါတိုင်းကွယ်ကာနေတဲ့ တိမ်သလာနဲ့ တူတဲ့ ခုနက သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသတွေ စင်သွားတယ် . . . (မှန်ပါ့)။

ဒိဋ္ဌိ ဝိစိကိစ္ဆာ စင်သွားလို့ သမုဒယ ပယ်လိုက်တာပေါ့ . . . (မှန်ပါ့)၊ ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ က သမုဒယလို့ မှတ်ပါ။

အဲ့ဒါ ချုပ်သွားတာနဲ့ သူက ဒုက္ခချုပ်တာ မြင်တာ ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊ ဒါသူတို့ ခံနေရင် မြင်ပါ့မလား . . . (မမြင်ပါဘူးဘုရား)။

## သစ္စာလေးပါးတစ်ပြိုင်နက်မြင်တယ်

ဒါဖြင့် ဒီမဂ္ဂသစ္စာ ဒီ ပဋိဝေဓဉာဏ်နဲ့ သိတဲ့အခါကျ လို့ရှိရင် လေးပါး တစ်ပြိုင်နက် မြင်တယ်ဆိုတာကော သဘော ကျပလား . . . (ကျပါတယ်ဘုရား)။

ဒီဘက်က ဒုက္ခချုပ်တယ်၊ ဒုက္ခချုပ်တာလည်း သူသိ လိုက်တယ် . . . (မှန်ပါ့)၊ ဒုက္ခမရှိတာလည်း . . . (သူသိပါတယ် ဘုရား)။

သူ့ကွယ်နေတဲ့ တရားတွေ မရှိလို့ သူမြင်တယ်ဆိုတာ ကော . . . (သိပါတယ်ဘုရား)။

ဒါဖြင့် သမုဒယလည်း ချုပ်နေတယ် . . . (မှန်ပါ့)၊ ရိပ်မိပလား . . . (မှန်ပါ့)။

ကိုင်း ယနေ့ ဒီတွင် တော်ပါဦး။

သာဓု . . . သာဓု . . . သာဓု။